ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လကွယ်၊ တနင်္လာနေ့၊ 4, Monday July 2016 (၈၆၁၂)

## ကိုယ်နှုတ်နှလုံးကိုစောင့်ထိန်း

မကောင်းမှုအကုသိုလ်သည် ပြုသူအား ကောင်းကျိုးမပေး၊ ဆိုးကျိုးသာပေး၏။ ထို့ကြောင့် မကောင်းမှုပြုသူသည် ပူပန်သောက ရောက်ကာ ဆင်းရဲရ၏။ မျက်မှောက်ဘဝရော၊ တမလွန်ဘဝမှာပါ ဆင်းရဲပူပန်ရသည်သာဖြစ်၏။ ငါသည် မကောင်းမှုကို ပြုမိလေ ပြီဟုလည်း နှလုံးမသာ ပူပန်ဆင်းရဲခြင်းဖြစ်ရ၏။ ထို့ကြောင့် မမေ့မလျော့ဘဲ အကုသိုလ်ဒုစရိုက်ကို မပြုမိအောင် မိမိ၏ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းရာ၏။ ယမကဝဂ်(ဓမ္မပဒ-၁၇)

## မန္တလေး-ကောလင်း RBE ရထားပြေးဆွဲ

စာမျက်နှာ - ၉

## ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၃၈၈၀ တွဲမှ ယူရို ၄၂၇ သန်းကျော် ရောင်းချပြီးဖြစ်

စာမျက်နှာ - ၉

# မိုးရွာသွန်းမှုများသဖြင့် ရာဇဂြိုဟ်ဆည်အထက်တွင်ရှိသည့် နန်းတားဆည်ပျက်စီးမှုအနည်းငယ်ရှိသော်လည်း စိုးရိမ်စရာမရှိ

**ကလေး ဇူလိုင် ၃**

ချင်းပြည်နယ်တွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တွိုလီချောင်းမှတစ်ဆင့် ရေများအလုံးအရင်းဖြင့် ဝင်ရောက်လာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရာဇဂြိုဟ်ဆည်အထက်တွင်ရှိသည့် နန်းတားဆည်တွင် ပျက်စီးမှုအချို့ရှိခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

"ရေလုံးအရှိန်နဲ့ဆိုတော့ နန်းတားဆည်က နည်းနည်းပါးပါး ပျက်စီးတာပါ။ အခုတော့ ရာဇဂြိုဟ်ဆည်အတွင်းက ရေကလည်း ပြန်ကျသွားပါပြီ။ ရာဇဂြိုဟ်ဆည်လည်း ထိခိုက်မှုမရှိပါဘူး။ ဘာအန္တရာယ်မှလည်းမရှိပါဘူး။ ပြည်သူတွေ မစိုးရိမ်ပါနဲ့လို့ပြောချင်ပါတယ်" ဟု ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



ရာဇဂြိုဟ်ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှုကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တွေ့ရစဉ်။



# ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံ စိမ်းလန်းစိုပြည်ရေး အထူးအလေးပေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃**

နှစ်စဉ် ဇူလိုင်လ ၁၉ ရက်(အာဇာနည်နေ့)ရောက်တိုင်း ပြည်သူလူထုသည် ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် နိုင်ငံတော်သီချင်း၊ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသည့် တေးသီချင်းများ သီဆိုခြင်းများဖြင့် အမြဲလာရောက်၍ ငြိမ်သက်ဂါရဝပြုကြသည်။ ယင်းကြောင့် မကြာမီကျရောက်တော့မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳**



## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၃/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)ဝင်းမြင့်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်



လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့် တင်းပြည့် ခံစားရမှာမဟုတ်ဘူး။

**(၁၉၄၇ ခုနှစ် မတ်လအတွင်း ရေဒီယိုမှ ထုတ်လွှင့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံးသို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်(စနေနေ့)ထက်မစော၊ ဇူလိုင်လ ၂၄ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်-၁၉)သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်ထက်မစော၊ ဇူလိုင်လ ၂၄ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကောလင်းမြို့တွင် လျှပ်တစ်ပြက်ကယ်ဆယ်ရေးသင်တန်း(အခမဲ့) ဖွင့်လှစ်

**ကောလင်း ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် နာရေးကူညီမှုအသင်းမှ ဦးစီးသော ကျော်သူပရဟိတ ကွန်ရက်နှင့် မြဝတီမြို့ Z Rescue ပရဟိတအဖွဲ့တို့ပူးပေါင်း၍ လျှပ်တစ်ပြက်ကယ်ဆယ်ရေးသင်တန်း(အခမဲ့) ဖွင့်လှစ်ခြင်းကို ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်ကွက် အနောက်ကျောင်းကြီးတိုက်၌ ဇူလိုင် ၃ ရက်က ပြုလုပ်သည်။



"အခိကသင်တန်းပို့ချတဲ့ ရည်ရွယ်ချက်က သဘာဝဘေးအန္တရာယ်ကျရောက်တာတို့ ရုတ်တရက် အမှတ်မထင် မတော်တဆမှုဖြစ်ပွားရာမှာ ထိခိုက်ဒဏ်ရာ ရရှိတတ်ပါတယ်။"

"ဒီတော့ ထိခိုက်ဒဏ်ရာရရှိသူကို ဆေးရုံ၊ ဆေးခန်းပြသဖို့ ကူညီဆောင်ရွက်ကြတဲ့အခါ စနစ်တကျ မကိုင်တွယ်တတ်ကြတော့ ရရှိတဲ့ဒဏ်ရာက မသက်သာဘဲ ပိုမိုဆိုးရွားလာစေပါတယ်။ ဒါကြောင့် စနစ်တကျကိုင်တွယ်တတ်စေဖို့ သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါတယ်"ဟု နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ကိုသက်လွင်ဌေးက ပြောသည်။

အဆိုပါ လျှပ်တစ်ပြက်ကယ်ဆယ်ရေးသင်တန်းသည် ဇူလိုင် ၃ ရက်မှ ၇ ရက်ထိ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတွင် ကျော်သူပရဟိတ ကွန်ရက်အဖွဲ့မှ နည်းပြဆရာ ဆရာမ ခြောက်ဦး၊ Z Rescue မြဝတီ ပရဟိတအသင်းမှ နည်းပြဆရာ ဆရာမ ခြောက်ဦး၊ သာသနပါလ လူမှုကူညီရေးအသင်း (မန္တလေး)မှ နည်းပြဆရာ ဆရာမ ငါးဦး၊ စေတနာမွန် လူမှုကူညီရေးအသင်း (နောင်ချို)မှ နည်းပြဆရာ ဆရာမ နှစ်ဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ လူမှုရေး၊ ပရဟိတ အသင်းအဖွဲ့မှ သင်တန်းသူသင်တန်းသား ၁၂၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**စိုင်းလူမင်း (မီဒီယာဂရု)**

■

**✻ ဗိုလ်ချုပ်ကြေးရုပ်မှ**

"ဗိုလ်ချုပ်ကြေးရုပ်ကို ကျွန်တော်တို့ လေးရက်၊ ငါးရက်လောက်ကစပြီးတော့ တရော်ကင်ပွန်းနဲ့ အရင်ဆုံး ကြေးချွတ်ထားတယ်။ ပြီးတော့ ကြေးပွတ်ဆေးကိုသုံးပြီး နေပူတဲ့အချိန်မှာ ကြေးချွတ်သွားမယ်။ ကြွေပြားတွေ ကပ်ထားတွေကိုပါ တစ်ခါတည်း သန့်ရှင်းရေးလုပ်သွားမယ်။ ဗိုလ်ချုပ်အဝန်းအဝိုင်း စိမ်းလမ်းစိုပြည်ရေးကတော့ အမြဲတမ်းလုပ်နေတဲ့အတွက် ထူးထူးခြားခြား လုပ်စရာမရှိတော့ဘူး။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ဝန်းကျင် စိမ်းလမ်းစိုပြည်ရေးကတော့ မေ ၇ ရက်၊ ၈ ရက်လောက်ကတည်းက လုပ်ဆောင်နေတဲ့အပြင် ရာသီပေါ်သီးပင်စားပင်တွေကိုလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။"

"ကျွန်တော်တို့ ပန်းဥယျာဉ်အနေနဲ့ကတော့ ပြည့်စုံလုံလောက်တဲ့ အနေအထားရှိနေကြပါပြီ" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန တောင်ပိုင်းခရိုင်မှူး ဦးအောင်ဇော်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းပြသည်။

ဗိုလ်ချုပ်အောင်ဆန်းပန်းခြံကို ယခင်က အိန္ဒိယဘုရင်ခံချုပ် လော့ဒါလဟိုဇီ ကိုဂုဏ်ပြုသည့်အနေဖြင့် ဒါလဟိုဇီပန်းခြံဟု ခေါ်တွင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဟု ပြောင်းလဲခေါ်တွင်စေခဲ့သည့်အပြင် ဗိုလ်ချုပ်၏ မွေးရပ်ဇာတိကို ဂုဏ်ပြုသည့်အနေဖြင့် ပန်းခြံရှေ့ရှိ လမ်းမကြီးကိုလည်း နတ်မောက်လမ်းဟု ခေါ်တွင်ခဲ့သည်။

၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်ပန်းခြံ၌ ဗိုလ်ချုပ်ပုံတူကြေးရုပ်ကို နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက နိုင်ငံတော်အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ နှစ် ၆၀ ကျော်ကြာ တည်ရှိနေခဲ့သည့် ဗိုလ်ချုပ်ကြေးရုပ်ကို လန်ဒန်မြို့ရှိ ဆာဂျွန်ကက်စ် အနုပညာကျောင်းမှ ကျောင်းအုပ်ကြီး ပန်းပုပညာရှင် မစ္စတာကော့ပ်နောလ်က သွန်းလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းခေတ်က ဉာဏ်ပူဇော်ခအဖြစ် စတာလင်ပေါင် ၂၀၀၀(မြန်မာကျပ်ငွေ ၂၆၀၀၀ ကျော်)ကို ပေးအပ်ခဲ့သည်။ ဗိုလ်ချုပ်ကြေးရုပ်၏အမြင့်မှာ ၈ ပေ ၄ လက်မရှိကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အီးယူမှ ဗြိတိန်နုတ်ထွက်ရန် မဲပေးဆုံးဖြတ်မှု ပြည်သူထောင်ပေါင်းများစွာက လန်ဒန်၌ ကန့်ကွက် ဆန္ဒပြ

**လန်ဒန် ဇူလိုင် ၃**

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြည်သူများက မဲပေးဆုံးဖြတ်ခဲ့မှုကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြသူ လူထောင်ပေါင်းများစွာက မြို့တော်လန်ဒန် မြို့လယ်အရပ်ကို ဖြတ်ကာ ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

စုဝေးချီတက် ဆန္ဒပြသူအများစုမှာ သက်ငယ်ပိုင်း အရွယ်ရောက်ပြီးသူများဖြစ်ကြပြီး အီးယူအလံငယ်များနှင့် 'အီးယူနှင့်အတူ ကျွန်ုပ်ရှိနေသည်' ဟူသော စာသားပါ နဖူးစည်း စာတန်းများကို ကိုင်ဆောင်ထားကြသည်။

ဇူလိုင် ၂ ရက်က မြို့တော်လန်ဒန်ကို ဖြတ်၍ စုဝေးချီတက်ကြသူများက ကျွန်ုပ်တို့၏ဆန္ဒမှာ အီးယူတွင် ဆက်လက်ရှိနေရေးဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသည်။ ဆန္ဒပြသူများသည် လန်ဒန်မြို့လယ်ရှိ ဝက်စမင်စတာအရပ်ကို ဦးတည်ကာ စုဝေးချီတက်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော ဘတ်စ်ကားများပေါ်မှ အားပေးသံများ ပေါ်ထွက်ခဲ့ပြီး အနီးအပါးရှိ မော်တော်ယာဉ်များမှ ယာဉ်မောင်းများက ဆန္ဒပြသူများကို ထောက်ခံသည့် အနေဖြင့် ဟွန်းတီးခဲ့ကြသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ပြည်သူ့ဆန္ဒခံယူပွဲ ရလဒ်ပေါ်ထွက်လာချိန်တွင် မိမိအနေဖြင့် အကြီးအကျယ် အံ့အားသင့်မှု ဖြစ်ခဲ့ရကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**




# အိန္ဒိယမြောက်ပိုင်း ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ လူ ၄၀ ထက်မနည်းသေဆုံးနိုင်ဟု ခန့်မှန်း

**နယူးဒေလီ ဇူလိုင် ၃**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်း ပြည်နယ်၌ ဇူလိုင် ၂ ရက်နှင့် ၃ ရက်နေ့တို့က ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၄၀ ထက်မနည်း သေဆုံးသည်ဟု ခန့်မှန်းရကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

ဥတ္တရာခန်းပြည်နယ်ရှိ ရေလွှမ်းမိုးမှုဒဏ်ကို အခံစားရဆုံးဒေသဖြစ်သော ချာမိုလီနှင့် ပီသိုရာဂတ်မြို့ငယ်များတွင် လူအများအပြား ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံး၏ ပြောခွင့်ရပုဂ္ဂိုလ် အွမ်ပရာကက်ရှ်က ပြောကြားသည်။

ယနေ့အထိ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၈ ဦးရှိသည်ဟု အတည်ပြုနိုင်ကြောင်း၊ သေဆုံးသူများအနက် ၁၅ ဦးမှာ ဝေးလံသီခေါင်သော အရပ်ရှိ ပီသိုရာဂတ်မြို့မှ ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **ရိုက်တာ။**



# ဒါကာစားသောက်ဆိုင်တိုက်ခိုက်မှုတွင် ဘင်္ဂလားဒေ့ရှ်လူမျိုးများပါဝင်သည်ဟုဆို

**ဒါကာ ဇူလိုင် ၃**

ဒါကာမြို့စားသောက်ဆိုင်တွင် ဖြစ်ပွားသောအကြမ်းဖက်မှုတွင် ဒေသခံ ဘင်္ဂလားဒေ့ရှ်လူမျိုးစစ်သွေးကြွ ခုနစ်ဦးပါဝင်ခဲ့ကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွယ်မှုအားစစ်ဆေးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဇူလိုင် ၃ရက်တွင် ပြောကြားသည်။

အဆိုပါ စစ်သွေးကြွသေနတ်သမားများသည် သံတမန်ဇုန်အတွင်းတည်ရှိသော စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်စီးနင်းပြီး ဓားစာခံများအား သတ်ဖြတ်ကြရာ အီတလီလူမျိုး ကိုးဦး၊ ဂျပန်လူမျိုးခုနစ်ဦးနှင့် အမေရိကန်လူမျိုးတစ်ဦးသေဆုံးခဲ့သည်။

အိုင်အက်စ်အဖွဲ့က အဆိုပါအကြမ်းဖက်မှုအား ၎င်းတို့ပြုလုပ်ကြောင်းဝန်ခံပြီး ၎င်းတို့ကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည့်နိုင်ငံများရှိ ပြည်သူများအား ၎င်းတို့၏ အသက်ဘေးနှင့် ပတ်သက်ပြီးခြိမ်းခြောက်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီး အဆာဒုတ်စမန်ခန်းက ယခုအကြမ်းဖက်မှုအား အိုင်အက်စ် (သို့မဟုတ်) အယ်လ်ကိုင်ဒါက ပြုလုပ်ကြောင်း ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဒုတိယစစ်ဆေးရေးမှူးချုပ် ရှာဟီဒါရာမန်က ၎င်းအကြမ်းဖက်သမားများသည် ပညာတတ်များဖြစ်ပြီးချမ်းသာသောမိသားစုများမှဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းတို့အနက်ငါးဦးမှာ အကြမ်းဖက်သမားစာရင်းဝင်များဖြစ်ပြီး ၎င်းတို့အား ဖမ်းဆီးနိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ရှာဟီဒူဟိုကူက ပြောကြားသည်။

**ရိုက်တာ။**

# အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဇူလိုင် ၃**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူအများအပြား သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

ဇူလိုင် ၃ ရက်နံနက်ပိုင်းက ဘဂ္ဂဒက်မြို့တော်အလယ်ပိုင်း ရှီးယိုက်မွတ်စလင်များ နေထိုင်ရာ ကာရာဒါခရိုင်တွင် အဆိုပါကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ကားတစ်စီးတွင် ဗုံးထောင်ထားပြီး အဆိုပါကား ထွက်ခွာသွားသည့်အချိန်တွင် ဗုံးပေါက်ကွဲခဲ့သည်။

ဗုံးပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် မြို့နေပြည်သူများက ထိတ်လန့်ကြောက်ရွံ့နေကြရသည်။

အဆိုပါဗုံးပေါက်ကွဲမှုကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခြင်းဖြစ်သည်ဟု အိုင်အက်စ်အဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ကားဗုံးပေါက်ကွဲပြီးနောက် ဘဂ္ဂဒက်မြို့မြောက်ပိုင်း တစ်နေရာတွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ထပ်မံဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# နိုင်ငံတကာတရားရုံး၏ ဆုံးဖြတ်ချက်ပေါ်ထွက်ရန် ရှိနေစဉ် တောင်တရုတ်ပင်လယ်အတွင်း တရုတ်က စစ်ရေးလေ့ကျင့်မည်

**ပေကျင်း ဇူလိုင် ၃**

တောင်တရုတ်ပင်လယ်တွင်းရှိ ပိုင်နက်အငြင်းပွားနေသော ပါရာဆယ်ကျွန်းစု အနီးတစ်ဝိုက်၌ တရုတ်နိုင်ငံက စစ်ရေးလေ့ကျင့်ရန် စီစဉ်ထားကြောင်း ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ စီမံအုပ်ချုပ်မှုဌာနက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

တရုတ်နှင့် ဖိလစ်ပိုင်အကြား ရေကြောင်းပိုင်နက် အငြင်းပွားမှုနှင့် ပတ်သက်၍ နိုင်ငံတကာ တရားရုံးက အဆုံးအဖြတ်ပေးရန် ရှိနေစဉ် တရုတ်နိုင်ငံက စစ်ရေးလေ့ကျင့်ရန် စီစဉ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ပုံမှန်အားဖြင့် စစ်ရေးလေ့ကျင့်မှု ပြုလုပ်လေ့ရှိသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘရူနိုင်းနှင့် တရုတ်တိုင်ပေတို့နှင့် တောင်တရုတ်ပင်လယ်ပြင်အတွင်းရှိ ကျွန်းစုများနှင့် ပတ်သက်၍ သူပိုင်ကိုယ်ပိုင် အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တောင်တရုတ်ပင်လယ် ရေကြောင်းပိုင်နက်နှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်အကြား အငြင်းပွားမှုကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ နိုင်ငံတကာ သမာဓိခုံရုံးက ဇူလိုင် ၁၂ ရက်တွင် အဆုံးအဖြတ်ပေးရန် ရှိနေချိန်တွင် စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၅ ရက်မှ ၁၁ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်ပင်လယ်ရေကြောင်းလုံခြုံရေးစီမံအုပ်ချုပ်ရေးဌာနက အွန်လိုင်းမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်သည်။ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း အရှေ့ဘက်နယ်မြေမှ ပါရာဆယ်ကျွန်းစု အနီး နယ်မြေအထိ ပင်လယ်ရေပြင်အတွင်း စစ်ရေးလေ့ကျင့်မည်ဆို၏။

စစ်ရေးလေ့ကျင့်ချိန်ကာလအတွင်း သတ်မှတ်နယ်မြေများအတွင်းသို့ ပင်လယ်ရေကြောင်းသင်္ဘောများ ဝင်ရောက်ခြင်းမပြုရန် သတိပေးထားသည်။ **ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း


ရဲရင့်လင်းလက်

လန်ဒန်မြို့လယ်မှာ ထောင်နဲ့ချီတဲ့ဆန္ဒပြပြည်သူတွေဟာ ဥရောပတိုက်အတွက် ချီတက်ပွဲကြီးမှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဆန္ဒပြပြည်သူတွေဟာ "ဥရောပတိုက်ကိုကျုပ်တို့ချစ်တယ်"၊ "ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်ဆက်ရှိနေမယ်(Bremain)" ဆိုတဲ့ လက်ကိုင်ပိုစတာတွေ ကိုင်ဆောင်ချီတက်ဆန္ဒပြကြတာပါ။ ဒီလူထုချီတက်ဆန္ဒပြပွဲကို ဦးဆောင်လှုံ့ဆော်သူတစ်ဦးကတော့ ဆန္ဒပြပြည်သူတွေကြားမှာ ခံပြင်းဒေါသတွေ၊ မချင့်မရဲခံစားချက်တွေ၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်ဆိုတဲ့ အတွေးတွေသူခံစားခဲ့ရတယ်လို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။ နှစ်မိုင်ခရီးရှည်ကိုချီတက်ပြီးတဲ့နောက် ဆန္ဒပြပြည်သူတွေဟာ ပါလီမန်ရှေ့ စုရုံးခဲ့ပြီးခွဲထွက်ရေးကို ဆန့်ကျင်တဲ့ အမတ်တွေအပါအဝင် ထင်ရှားတဲ့ပုဂ္ဂိုလ်တွေရဲ့ မိန့်ခွန်းတွေကို နားထောင်အားပေးခဲ့ပါတယ်။ ဂီတပညာရှင်ဘော့ဂျဲလ်ဒေါ့ဖ်(Bob Geldof)က "ကျွန်တော်တို့တစ်ဦးချင်း တစ်ဦးချင်းဟာ စည်းရုံးလှုပ်ရှားဖို့လိုပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့ လူတိုင်းလူတိုင်းကို စည်းရုံးဖို့လိုပါတယ်။ ကျွန်တော်တို့တိုင်းပြည်ချောက်ကမ်းပါးထဲကျပျက်စီးမှာကို ကျွန်တော်တို့တစ်ဦးချင်းက တတ်နိုင်သလောက်အစွမ်းကုန်ကြိုးစားတားဆီးဖို့လိုပါတယ်" လို့ပြောကြားခဲ့ပါတယ်။ ပြောရရင်တော့ ဗြိတိန်မှာသာ မကပါဘူး။ ဥရောပတစ်တိုက်လုံးကယောင်ကတမ်းဖြစ်နေကြတာပါ။

ဗြိတိန်ကို ဥရောပသမဂ္ဂကနေ ခွဲမထွက်စေလိုတဲ့ပြည်သူတွေကလည်း ဗြိတိန်လူဦးရေရဲ့ တစ်ဝက်နီးပါးရှိတာမို့လို့ ဗြိတိန်ခွဲထွက်ရေး(Brexit)ကို တားဆီးနိုင်မယ့်နည်းလမ်းတွေကို ရှာကြံစဉ်းစားလာကြပါတယ်။ ဒီလိုရှာကြံစဉ်းစားတဲ့သူတွေထဲမှာ ဥပဒေပညာရှင်တွေကထိပ်ဆုံးကပါဝင်ပါတယ်။ သူတို့ကဖြစ်နိုင်ခဲ့ရင် ဗြိတိန်ခွဲထွက်ရေးကိုဟန့်တားဖို့၊ အနည်းဆုံးတော့ နှောင့်နှေးအောင်လုပ်ဖို့ စဉ်းစားနေကြတာပါ။ အဲဒီလို စဉ်းစားသုံးသပ်တဲ့နေရာမှာ အခြေခံအားပြုတဲ့အချက်ကတော့ ခွဲရေးတွဲရေး ဆန္ဒခံယူပွဲရဲ့ရလဒ်ဟာ ဗြိတိန်ကိုဥရောပသမဂ္ဂကနေ အလိုအလျောက်ခွဲထွက်ခွင့်ပြုဖို့နေနေသာသာဥပဒေသဘောအရ ဗြိတိန်အနေနဲ့ခွဲထွက်ရေးကိုမဖြစ်မနေလုပ်ရမယ့်သဘောမျိုး မသက်ရောက်ပါဘူးဆိုတဲ့အချက်ပါ။ လစ္စဘွန်းစာချုပ်ရဲ့ အပိုဒ် ၅၀ အရဥရောပသမဂ္ဂကနေခွဲထွက်လိုတဲ့ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဟာ ဥရောပကောင်စီကို ဒီလိုခွဲထွက်လိုတဲ့အကြောင်းကို တရားဝင် အသိပေးအကြောင်းကြားဖို့လိုပါတယ်။ တိတိကျကျပြောရရင်တော့ ဗြိတိန်ခွဲထွက်မယ်ဆိုတဲ့ လူထုဆန္ဒခံယူပွဲရလဒ်ဟာ ဥပဒေသဘောအရ အကျိုးသက်ရောက်မှုလုံးဝမရှိသေးပါဘူး။ နိုင်ငံရေးအရပဲ အကျိုးသက်ရောက်မှုရှိသေးတာပါ။ ဗြိတိန်ဝန်ကြီးချုပ်က ဥရောပကောင်စီကို ဗြိတိန်နိုင်ငံက ခွဲထွက်လိုပါတယ်ဆိုတာကို တရားဝင်အသိပေးအကြောင်းကြားမှ နှစ်နှစ်တာကာလရှိတဲ့ ခွဲထွက်ရေးလုပ်ငန်းစဉ် ညှိနှိုင်းဆွေးနွေးပွဲတွေဟာ စတင်အသက်ဝင်လှုပ်ရှားလာမှာပါ။ ဆိုလိုတာက ဒီလိုအသိပေးအကြောင်းကြားတဲ့အချိန်ကစပြီး ခွဲထွက်ရေး



လုပ်ငန်းညှိနှိုင်းစဉ်ဆွေးနွေးမှုတွေကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်ရမှာပါ။ ကျန်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံစလုံးသဘောတူမှသာ ခွဲထွက်ရေးလုပ်ငန်းစဉ်ညှိနှိုင်းဆွေးနွေးမှုတွေကို နှစ်နှစ်ထက်ပိုပြီး တိုးချဲ့ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒီတော့ညှိနှိုင်းရေးကာလနှစ်နှစ်အတွင်း ခွဲထွက်ရေးလုပ်ငန်းစဉ်အပေါ် သဘောတူညီချက်ရပြီဆိုတဲ့အချိန်မှာ ဗြိတိန်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းသွားမှာဖြစ်သလို သဘောတူညီချက်မရဘူးဆိုတဲ့ အခြေအနေမျိုးမှာ ညှိနှိုင်းရေးကာလတိုးချဲ့ရေးကိုပါမရခဲ့ရင်လည်း ဗြိတိန်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းသွားမှာပါ။ ဒီလိုအခြေအနေမျိုးမှာ ဥပဒေပညာရှင်တွေက လစ္စဘွန်းစာချုပ် အပိုဒ် ၅၀ မှာ ပြဋ္ဌာန်းထားတဲ့ "ခွဲထွက်လိုတဲ့ ဘယ်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဆို သက်ဆိုင်ရာ နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖွင့်ဆိုချက်များနှင့်အညီဆောင်ရွက်ပိုင်ခွင့်ရှိတယ်"ဆိုတဲ့အချက်ကို ထောက်ပြလာကြပါတယ်။ ဥပဒေပညာရှင်သုံးဦးက စုပေါင်းပြီး "ဗြိတိန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွင့်ဆိုချက်တွေအရ ဗြိတိန်ဝန်ကြီးချုပ်ဟာ လစ္စဘွန်းစာချုပ်အပိုဒ် ၅၀ က ပြဋ္ဌာန်းထားတဲ့ အသိပေးအကြောင်းကြားမှုကို ပါလီမန်ရဲ့ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပိုင်ခွင့်မရှိပါဘူး" ဆိုတဲ့သဘောကို ဗြိတိန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ကိုတင်ပြထားပါတယ်။ ဒီဥပဒေပညာရှင်သုံးဦးက ဘယ်ဝန်ကြီးချုပ်ကမှ ပါလီမန်ရဲ့ထောက်ခံချက်မပါဘဲ အတူလုပ်ပိုင်ခွင့်အာဏာတွေ ကျင့်သုံးပိုင်ခွင့်မရှိဘူးဆိုတဲ့ အချက်အပေါ်အခြေပြုပြီး တင်ပြကြတာပါ။




ကာတွန်းစာသားဘာသာပြန်

**နောက်ခံပိုစတာက "ကျုပ်တို့တိုင်းပြည်အချုပ်အခြာအာဏာ ကျုပ်တို့ပြန်ယူမယ်"ဟု ရေးထားပြီး သတင်းစာဖတ်သူက ဗြိတိန်ခွဲထွက်ရေးကြောင့် စီးပွားရေးကသောင်းကနင်းဖြစ်နေတာကို ဖတ်ပြီး "ကျွန်တော့်ဆန္ဒမဲ ကျွန်တော်ရုပ်သိမ်းလို့မရဘူးလား"လို့ မေးခွန်းထုတ်နေတာပါ**

အခြေပြုအချက်အပေါ် ဆန့်ထုတ်တွေးကြည့်မယ်ဆိုရင် ဗြိတိန်ဝန်ကြီးချုပ်က ပါလီမန်ရဲ့ခွင့်ပြုချက်မရှိဘဲ လစ္စဘွန်းသဘောတူညီချက် အပိုဒ် ၅၀ ကိုသုံးပြီး ဗြိတိန်ကို ဥရောပသမဂ္ဂကခွဲထွက်ရေးကိုဆောင်ရွက်ခဲ့ရင် ဒါဟာ ဗြိတိန်ဥပဒေက ၁၉၇၂ ခုနှစ် ဥရောပအသိုင်းအဝိုင်းဥပဒေ(1972 European Communities Act) အပေါ် လွှမ်းမိုးဩဇာသက်ရောက်လိုက်တာနဲ့အတူတူပါပဲ။ ၁၉၇၂ ခုနှစ် ဥရောပအသိုင်းအဝိုင်းဥပဒေအရ ဥရောပသမဂ္ဂဥပဒေတွေကပဲ ဗြိတိန်ဥပဒေတွေအပေါ် လွှမ်းမိုးဩဇာသက်ရောက်ပိုင်ခွင့်ရှိပါတယ်။ ခြုံငုံဆက်စပ်သုံးသပ်ကြည့်ရင် ဗြိတိန်ဝန်ကြီးချုပ်က ပါလီမန်ရဲ့ခွင့်ပြုချက်မရှိဘဲ လစ္စဘွန်းသဘောတူညီချက် အပိုဒ် ၅၀ ကိုသုံးပြီး ဗြိတိန်ကို ဥရောပသမဂ္ဂက ခွဲထွက်ရေးကိုဆောင်ရွက်ခဲ့ရင် ဒါဟာ လစ္စဘွန်းသဘောတူညီချက် အပိုဒ် ၅၀ ရဲ့ တခြားပြဋ္ဌာန်းချက်တစ်ခုဖြစ်တဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်ရမယ်ဆိုတဲ့သဘောကို ချိုးဖောက်တာပါပဲ။ တစ်ပြိုင်တည်းမှာ ဒီလိုလုပ်ဆောင်ချက်ဟာ ၁၉၇၂ ခုနှစ် ဥရောပအသိုင်းအဝိုင်းဥပဒေရှုထောင့်က ကြည့်ရင်လည်းပဲ ဗြိတိန်ဥပဒေတွေဟာ ဥရောပသမဂ္ဂပြဋ္ဌာန်းချက်တွေအပေါ် လွှမ်းမိုးဩဇာသက်ရောက်လိုက်တာနဲ့ အတူတူပါပဲ။ နောက်ဆုံးသတ္တုချမယ်ဆိုရင်တော့ ဥပဒေပညာရှင်သုံးဦးရဲ့ တင်ပြချက်ဟာ ဗြိတိန်ဝန်ကြီးချုပ်က ပါလီမန်ရဲ့ထောက်ခံမှုမရှိဘဲ ဗြိတိန်ကို ဥရောပသမဂ္ဂကနေခွဲထွက်ဖို့ ဥရောပကောင်စီကို အကြောင်းကြားပိုင်ခွင့်မရှိဘူးဆိုတဲ့ သဘောပါ။

အများပြည်သူဆိုင်ရာ ဥပဒေပညာရှင်တစ်ဦးကလည်း Times သတင်းစာမှာ "ဝန်ကြီးချုပ်ဟာ ပါလီမန်ရဲ့ ဥပဒေပြဋ္ဌာန်းချက်မရှိဘဲခွဲထွက်ဖို့ ဥရောပကောင်စီထံ အကြောင်းကြားပိုင်ခွင့် မရှိပါဘူး" လို့ ရေးသားခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ်က ပါလီမန်ရဲ့ ဥပဒေပြဋ္ဌာန်းချက်မရှိဘဲ ခွဲထွက်ဖို့ ဥရောပကောင်စီထံအကြောင်းကြားတာကို ဟန့်တားနိုင်ဖို့ ဗြိတိန်လူထုဆီကနေ အလှူငွေကြေးစုစည်းကောက်ယူနေတဲ့ အင်တာနက်စာမျက်နှာ (Crowd Justice Website)က "မှတ်မိသရွေ့ကာလအတွင်း ဒီကိစ္စကအရေးအကြီးဆုံး အများပြည်သူဆိုင်ရာ ဥပဒေကိစ္စပါ" လို့ တပ်လှန့်နှိုးဆော်ထားပါတယ်။ ဗြိတိန်ခွဲထွက်ရေးကိုတားမြစ်ဖို့ ကြံစည်နေတဲ့ နောက်ဖြစ်ရပ်က စကော့တလန်ဝန်ကြီးချုပ်ဟာ ဗြိတိန်ခွဲထွက်ရေးကို တားမြစ်ကောင်း တားမြစ်ရလိမ့်မယ်လို့ ထုတ်ဖော်ပြောဆိုခဲ့တာပါ။ လက်ရှိအချိန်မှာ စကော့တလန်ပါလီမန်ဟာ ဥရောပသမဂ္ဂပြဋ္ဌာန်းချက်တွေအပေါ် လွှမ်းမိုးမယ့်ဥပဒေမျိုးကို ပြဋ္ဌာန်းပိုင်ခွင့်မရှိပါဘူး။ တကယ်လို့သာ ဗြိတိန်ခွဲထွက်ရေးကို ဗြိတိန်ကသာ အတည်ပြုပြဋ္ဌာန်းခဲ့ရင် စကော့တလန်ပါလီမန်ဟာ ဥရောပသမဂ္ဂပြဋ္ဌာန်းချက်တွေကို ဂရုစိုက်စရာ မလိုတော့ပါဘူး။ အဲဒီအချိန်မှာ ဗြိတိန်ဥပဒေတွေ ပြန်အသက်ဝင်လာပြီဖြစ်တဲ့အတွက် ဗြိတိန်ဘုရင့်နိုင်ငံအဖွဲ့ဝင်ဒေသတွေအပေါ် ခွဲဝေပေးထားတဲ့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်တွေကို ပြင်ဆင်ရုပ်သိမ်းချင်ရင် သက်ဆိုင်ရာဒေသပါလီမန်ရဲ့ အတည်ပြုထောက်ခံချက် လိုအပ်ပါတယ်။ ဒီနေရာမှာ စကော့တလန်ပါလီမန်ရဲ့ သဘောတူထောက်ခံချက်ကို ဗြိတိန်ပါလီမန်က ရယူရမှာပါ။ စကော့တလန်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် ဗြိတိန်ဆက်ရှိနေတာကိုပဲ လိုလားတဲ့အတွက် ဗြိတိန်ပါလီမန်က ခွဲထွက်ရေးအတွက် သဘောတူညီမှုတောင်းလာရင်ကန့်ကွက်ဖို့ စကော့တလန်ဝန်ကြီးချုပ်က စဉ်းစားနေတာပါ။ ဒါပေမယ့်လည်း နှစ်နှစ်အတွင်း ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်နေဦးမှာမို့လို့ စကော့တလန်ပါလီမန်က ဒီလိုလုပ်နိုင်တဲ့အခွင့်အလမ်းရဖို့ မဖြစ်နိုင်ပါဘူး။ တွေးကြည့်ရင်လည်း ဗြိတိန်ပါလီမန်ကသာ ဗြိတိန်ဘုရင့်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ပါလီမန်ဖြစ်နေလို့ စကော့တလန်ပါလီမန်က ကန့်ကွက်ခဲ့လည်း သိပ်အကျိုးထူးစရာ အခြေအနေတော့မရှိပါဘူး။ ပြောရရင်တော့ စကော့တလန်ဝန်ကြီးချုပ်ရဲ့စကားဟာ ကယောင်ချောက်ချားဖြစ်နေတာကို ဖော်ပြနေတာပါ။ ဗြိတိန်ခွဲထွက်ရေးကို တားဆီးမယ့် နောက်အကြံဉာဏ်ကတော့ ဒုတိယအကြိမ်မြောက်ခွဲရေးတွဲရေး လူထုဆန္ဒခံယူပွဲကျင်းပဖို့ပါ။ အခုချိန်မှာ ဒုတိယအကြိမ်ခွဲရေးတွဲရေးလူထုဆန္ဒခံယူပွဲလုပ်ဖို့ ဆန္ဒပြုထားတဲ့ ဗြိတိန်ပြည်သူလူထုက လေးသန်းကျော်သွားပါပြီ။ သမိုင်းကလှောင်ပြောင်ရှုံ့တဲ့တဲ့ လုပ်တယ်လို့ ပြောစရာဖြစ်သွားတာက ဒုတိယကြိမ်ခွဲရေးတွဲရေး လူထုဆန္ဒခံယူပွဲလုပ်ဖို့ပြည်သူလူထုစုပေါင်းလက်မှတ်ထိုးထားတဲ့ အသနားခံစာတင်ရေး စတင်လှုပ်ရှားခဲ့သူက ခွဲထွက်ရေးလှုပ်ရှားရေးသမား အိုလီဗာဟီလီ(Oliver Healy)ပါ။ အဲဒီအချိန်က ခွဲထွက်ရေးအခြေအနေမကောင်းသလိုဖြစ်နေလို့ တွဲရေးသာ အနိုင်ရခဲ့ရင် ခွဲရေးအတွက် နောက်တစ်ကြိမ်အခွင့်အရေးရနိုင်ဖို့ အသနားခံစာမှာ လူထုကပါဝင်လာအောင် အိုလီဗာဟီလီက ကြိုးပမ်းခဲ့တာပါ။ ဒါပေမယ့် လူထုဆန္ဒခံယူပွဲရလဒ် မထွက်သေးခင်အချိန်က ပါဝင်လက်မှတ်ထိုးတဲ့ ပြည်သူအရေအတွက်က ၂၂ ဦးပဲရှိပါတယ်။ ခွဲထွက်ရေးနိုင်သွားပြီဆိုမှ ဒုတိယအကြိမ် ခွဲရေးတွဲရေး လူထုဆန္ဒခံယူပွဲလုပ်ဖို့ ပါဝင်လက်မှတ်ရေးထိုးတဲ့ ပြည်သူပြည်သားအရေအတွက်က တစ်ရှိန်ထိုးမြင့်တက်လာတာပါ။ သုံးသပ်မယ်ဆိုရင်တော့ ဥပဒေပညာရှင်တွေ ထောက်ပြနေသလို ဗြိတိန်ဝန်ကြီးချုပ်ဟာ ဗြိတိန်ပါလီမန်ရဲ့ထောက်ခံအတည်ပြုချက်မပါဘဲ ဥရောပသမဂ္ဂထံ ခွဲထွက်ရေးအကြောင်းကြားစာမပို့နိုင်ဘူးဆိုတာက ဥပဒေကြောင်းအရ ခိုင်မာမှုရှိရပါမယ်။ ဒါပေမယ့် ခွဲရေးတွဲရေးလူထု ဆန္ဒခံယူပွဲမှာခွဲရေးကို ဆန္ဒပြုထားတဲ့ ဗြိတိန်ပြည်သူ ၁၇ သန်းရဲ့ ဆန္ဒကို လျစ်လျူရှုဖို့ဆိုတာ နိုင်ငံရေးအရ အတော်ကြီးကိုလုပ်ဖို့မလွယ်တဲ့ကိစ္စပါ။ ပြောရရင်လည်း ခွဲရေး-တွဲရေးလူထုဆန္ဒခံယူပွဲမှာ ခွဲရေးအနိုင်ရခဲ့တာက ဥပဒေအကြောင်းတရားကြောင့် မဟုတ်သလို စီးပွားရေးအကြောင်းတရားကြောင့်လည်း မဟုတ်ပါဘူး။ "ဗြိတိန် အချုပ်အခြာအာဏာ ဗြိတိန်ပြည်သူတွေပဲ ပိုင်ဆိုင်ရမယ်"ဆိုတဲ့ အမျိုးသားရေးဇာတိမာန်ပုံစံ နိုင်ငံရေးအကြောင်းတရားကြောင့်သာ ခွဲရေးတွဲရေးလူထုဆန္ဒခံယူပွဲမှာ ခွဲရေးက အနိုင်ရခဲ့တာပါ။

■

# လူတော် လူကောင်း

## ရှင်သန် (အမရ)

လူရယ်လို့ဖြစ်လာရင် အသီးသီးတာဝန်ဝတ္တရားတွေက အလိုအလျောက် ပခုံးပေါ် ရောက်လာကြတယ်။ လူပီသတဲ့ လူဖြစ်ဖို့အတွက် ကိုယ့်တာဝန်ကိုယ်ယူရတယ်။ ကိုယ့်တာဝန်ကိုယ်ကျေရတယ်။ အားလုံးဟာ ကိုယ့်တာဝန်ကိုယ်ဆောင်ရွက်နေရတဲ့ ဝန်ဆောင်ပုဂ္ဂိုလ်တွေချည်းပဲ။ ထိုသို့ဆောင်ရွက်ရာမှာ ထိရောက်မှုရှိစေရေးအတွက် ကရဏီယမေတ္တပြုကျင့်လိုက်နာရမည့်တရား ၁၄ ပါး၊ အကရဏီယမေတ္တ မပြုမလုပ်ရှောင်ကြဉ်ရမည့်တရား တစ်ပါးကို မေတ္တသုတ်နိဒါန်းမှာ ပြဆိုထားတယ်။ ပြုကျင့်လိုက်နာရမည့်တရား ၁၄ ပါး ဆိုတာကတော့ -

၁။ သက္ကော-မိမိတာဝန်ယူ ဆောင်ရွက်တဲ့ကိစ္စမှာ တတ်သူ၊ ကျွမ်းသူ၊ စွမ်းနိုင်သူဖြစ်ရမယ်။
၂။ ဥဇူ-ကာယကံ၊ ဝစီကံအားဖြင့် ရိုးဖြောင့်သူဖြစ်ရမယ်။
၃။ သုဟုဇူ- မနောကံအားဖြင့် ရိုးဖြောင့်သူဖြစ်ရမယ်။
၄။ သုဝစော- ကောင်းသောစကားရှိသူ၊ ကောင်းသောစကားကို နာခံသူ၊ ဆုံးမရလွယ်ကူသူ ဖြစ်ရမယ်။
၅။ မုဒု- နူးညံ့သိမ်မွေ့သူဖြစ်ရမယ်။
၆။ အနတိမာနီ- မာန်မာနမကြီးသူ ဖြစ်ရမယ်။
၇။ သန္တုဿကော- ရပိုင်ခွင့်နှင့်စပ်၍အတိုင်းအတာ တစ်ခုမှာ ရောင့်ရဲနိုင်သူဖြစ်ရမယ်။
၈။ သုဘရော- စားဝတ်နေရေးနှင့်စပ်၍ မွေးမြူရလွယ်ကူသူ၊ ကြေးမများသူ၊ ဇီဇာမကြောင်သူဖြစ်ရမယ်။
၉။ အပ္ပကိစ္စော- ကိစ္စနည်းသူ၊ အဓိက သာမညခွဲခြား၍ အဓိကအလုပ်ကိုသာ အာရုံစိုက်သူဖြစ်ရမယ်။
၁၀။ သလ္လဟုကဝုတ္တိ- လွတ်လပ်ပေါ့ပါးသော ဘဝအခင်းအကျင်းရှိရမယ်။
၁၁။ သန္တိန္ဒြိယော- ဣန္ဒြေငြိမ်သက်သူ၊ လော်လီမှုကင်းသူ၊ လောဘ၊ ဒေါသအစွန်းမထွက်သူ ဖြစ်ရမယ်။
၁၂။ နိပကော- ရင့်ကျက်တည်ငြိမ်သူဖြစ်ရမယ်။
၁၃။ အပ္ပဂဗ္ဘော- ကိုယ်နှုတ်အမူအရာ ကြမ်းကြုတ်မှု၊ ကြမ်းတမ်းမှု ကင်းသူဖြစ်ရမယ်။
၁၄။ ကုလေသွနနုဂိဒ္ဓေါ- မိသားစု၊ ဆွေမျိုးစု နီးစပ်ရာတို့အပေါ်၌ ဆန္ဒာဂတိကင်းသူဖြစ်ရမယ်။

ဒါကတော့ ကရဏီယမေတ္တ- ပြုကျင့်လိုက်နာရမည့် တရား ၁၄ ပါးပေါ့။ အကရဏီယမေတ္တ- မပြု မလုပ် ရှောင်ကြဉ်ရမှာကတော့ တစ်ပါးတည်းပါပဲ။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေ ယျုံ- ပညာရှိများ စွပ်စွဲကဲ့ရဲ့နိုင်တဲ့ မကောင်းမှုမျိုးဆိုရင် အသေးအဖွဲလေးသော်မှ မပြုမိပါစေနဲ့။

ဒီခေတ်ထဲမှာ သူဌေးလည်း သူဌေးအလျောက်၊ ဆင်းရဲသားလည်း ဆင်းရဲသားအလျောက် အခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ပြဿနာတွေ ကိုယ်စီနဲ့ပါပဲ။ ဒါကိုပဲ ခေတ်စကားက စိန်ခေါ်မှုလို့သုံးပါတယ်။ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးမှာလည်း စိန်ခေါ်မှုတွေကိုယ်စီနဲ့ပါပဲ။ ဒီထဲမှာ ကျုပ်တို့နိုင်ငံမှာတော့ ဒီမိုကရေစီဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးဆိုတာက အဓိကစိန်ခေါ်မှုပေါ့။

အဲဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ကိုယ်စီကိုယ်စီလိုအပ်တာက ခုပြောခဲ့တဲ့ ၁၄ ချက်ပါပဲ။ ဒီထဲက စွမ်းနိုင်သူဖြစ်ရမယ်ဆိုတဲ့အချက်ကို အရင်ပြောပါ့မယ်။ စွမ်းဆိုရာမှာ ကံစွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်း၊ စိတ်စွမ်း၊ စေတနာစွမ်း၊ ကိုယ်စွမ်းဉာဏ်စွမ်း အစွမ်းအစဟူသမျှ အားလုံးလိုအပ်ပါတယ်။ စွမ်းရည်သတ္တိရှိရမယ်၊ အရည်အချင်းရှိရမယ်၊ အရည်အချင်းပြည့်မီရမယ်။ အလုပ်တစ်ခုလုပ်ရာမှာ တတ်မှ၊ ကျွမ်းမှ၊ စွမ်းမှ တူတူတန်တန်ဖြစ်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ အရည်အချင်းဆိုတာက တတ်ကျွမ်းမှု၊ ကျွမ်းကျင်မှုပါပဲ။ အဲဒီတတ်ကျွမ်းမှု၊ ကျွမ်းကျင်မှုဟာ ၁၀ မျိုးရှိကြောင်း ပညာရှင်များက ဆိုပါတယ်။

၁။ မှန်ကန်စွာ စဉ်းစားဆုံးဖြတ်တတ်သော ကျွမ်းကျင်မှုစွမ်းရည်ရှိရပါမယ်။
၂။ ပြဿနာတစ်ခုကို ပြေလည်အောင် ဖြေရှင်းတတ်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၃။ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ကြံဆစဉ်းစားနိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၄။ ခွဲခြမ်းစိတ်ဖြာ ဝေဖန်စဉ်းစားနိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၅။ ထိရောက်စွာပြောဆိုဆက်သွယ်နိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၆။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကောင်းမွန်စွာ ဆက်သွယ်နိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၇။ မိမိကိုယ်မိမိ ဟုတ်တိုင်းမှန်စွာ သိရှိနားလည်နိုင်သော ကျွမ်းကျင်မှုစွမ်းရည် ရှိရပါမယ်။
၈။ တစ်ဖက်သားကို စာနာနားလည်ပေးတတ်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၉။ စိတ်ခံစားမှုများကို ထိန်းသိမ်းကွပ်ကဲနိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။
၁၀။ စိတ်ဖိစီးမှုများကို ထိန်းသိမ်းနိုင်သော ကျွမ်းကျင်မှု စွမ်းရည်ရှိရပါမယ်။

လူတော်တစ်ယောက်မှာရှိရမည့် အရည်အချင်းတွေပါ။ လူတော်တစ်ယောက်ဖြစ်ဖို့ တော်တော်တော့ လေ့ကျင့်ကြိုးစားယူရမည့်သဘောပါပဲ။ စွမ်းနိုင်သူဆိုတာ လူတော်ပါ။ လူတော်တစ်ယောက် လူကောင်းဖြစ်ဖို့အတွက် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးလုံး ရိုးဖြောင့်ဖို့ အထူးတလည် ရိုးဖြောင့်ဖို့လိုပါတယ်။ ကောင်းတဲ့စကား၊ ကောင်းတဲ့အဆုံးအမ၊ ကောင်းတဲ့စည်းမျဉ်း၊ စည်းကမ်းတွေကို လေးစားလိုက်နာဖို့၊ ကျင့်သုံးဖို့လိုပါတယ်။ စိတ်ဓာတ်တွေ၊ စိတ်နေစိတ်ထားတွေ နူးညံ့သိမ်မွေ့ဖို့၊ ပျော့ပျောင်းဖို့လိုပါတယ်။ မောက်မာခြင်း၊ ခက်ထန်ခြင်း၊ ပလွှားခြင်း၊ ဝါကြွားခြင်း၊ မာန်မာနသဘောတွေ ကင်းဖို့လိုပါတယ်။ အထူးသဖြင့် လူ့ယဉ်ကျေးမှုမဏ္ဍိုင် ဂါရဝ၊ နိဝါတကိုနားလည်ဖို့ လိုပါတယ်။ ဂါရဝစိတ်ထား၊ နိဝါတစိတ်ထားရှိရပါမယ်။ မာနကိုခဝါချနိုင်တာက ဂါရဝနိဝါတပါပဲ။ ဒီခေတ်မှာ ခေတ်စားနေတဲ့ လူ့အခွင့်အရေးလေးစားရမယ်ဆိုတာ ဘုရားဟောတဲ့ အညမညဂါရဝပါပဲ။ အညမညဂါရဝဆိုတာ အချင်းချင်းအပြန်အလှန်လေးစားမှုရှိကြဖို့ ဆိုလိုတာပါ။

ပစ္စည်းဥစ္စာရပိုင်ခွင့်တွေနဲ့စပ်လို့ အတိုင်းအတာတစ်ခုမှာတင်းတိမ်ရောင့်ရဲနိုင်ရမယ်။ တစ်သက်စာလုံလောက်တော်ပြီပေါ့၊ တစ်သက်စာမက ဆယ်သက်စာလောက်ပိုင်ဆိုင်နေတာတောင် ဘာလို့လောဘတွေ အတောမသတ်နိုင်ကြတာလဲ။ အလိုတော်ပြည့်ဆိုတာ ဘုရားရဟန္တာပဲရှိတယ်။ ကျန်တဲ့သူတွေ ဘယ်တော့မှအလိုတော်မပြည့်နိုင်ဘူး။ ကိုယ့်ရဲ့ဆင်ခြင်တုံတရားနဲ့ပဲ လောဘကို အရှိန်သတ်ကြရတာ။ စားဝတ်နေရေးကိစ္စတွေ သိပ်ပြီးတော့ ဇာမချဲ့ပါနဲ့။ ကိုယ့်နိုင်ငံမှာ ဆင်းရဲငတ်ပြတ်နေသူတွေက အများစု၊ သူတို့ကို အားနာဖို့ကောင်းပါတယ်။

နိုင်ငံရေးလုပ်တယ်ဆိုတာ နိုင်ငံသားအားလုံးရဲ့အရေးကိုပဲ အဓိကခေါင်းထဲ ထည့်လုပ်ရမယ်။ ကျန်တဲ့ သားရေး၊ မယားရေး၊ ဆွေရေးမျိုးရေး၊ ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ ရောထွေးရှုပ်နေလို့မဖြစ်ဘူး။ နိုင်ငံသားတို့အရေးက အဓိက၊ ကျန်တာက သာမညပဲဖြစ်ရမယ်။ နိုင်ငံသားတို့အရေးကို ဦးဆောင်ဦးရွက်ပြုသူတွေဟာ စိတ်ဓာတ်တည်ကြည်ရမယ်၊ တည်ငြိမ်ရမယ်၊ အေးချမ်းရမယ်၊ ရင့်ကျက်ရမယ်။ စိတ်သာရှင်စောဘုရားဟော၊ စိတ်စေတနာက အဓိကပါပဲ။ စိတ်ကောင်းရှိဖို့က ပထမ၊ စိတ်ကောင်းစေတနာကောင်းရှိရင်ကို ခရီးကတစ်ဝက်လောက်ပေါက်နေပါပြီ။

အများအကျိုးကို ဆောင်ရွက်သူတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ကြမ်းတမ်းခက်ထန်လို့ မဖြစ်ပါဘူး။ အတတ်နိုင်ဆုံးနူးညံ့လို့၊ သိမ်မွေ့လို့၊ ပျော့ပျောင်းလို့၊ ယဉ်ကျေးလို့၊ ချိုသာလို့၊ ချေချေငံငံပြေပြေပြစ်ပြစ်ရှိလို့၊ အဲဒီလို ကံသုံးပါးလုံးမေတ္တာပါမှ ဖြစ်မယ်။ ငါ့မိသားစု၊ ငါ့ဆွေမျိုးစု၊ ငါ့အုပ်စုဆိုတဲ့ ဆန္ဒာဂတိအစွဲတွေကင်းရှင်းဖို့ အထူးလိုအပ်ပါတယ်။ ဒါက လိုက်နာကျင့်သုံးကြရမည့်တရား ၁၄ ပါးပေါ့။

အကရဏီယမေတ္တကတော့ တစ်ပါးတည်းပါပဲ။ ပညာရှိတို့ စွပ်စွဲကဲ့ရဲ့နိုင်တဲ့ မကောင်းမှုမျိုးဆိုရင် အသေးအဖွဲလေးကိုသော်မှ မပြုပါနဲ့တဲ့။ လူတစ်ယောက်ဟာ လူတော်ဖြစ်ဖို့လိုသလို လူကောင်းဖြစ်ဖို့လည်း လိုပါတယ်။ လောကကောင်းကျိုးဆောင်ကြရာမှာ လူတော်လူကောင်းတွေ အဓိက လိုအပ်ပါတယ်။ လူတော်ဖြစ်ဖို့အတွက် သက္ကော- စွမ်းနိုင်သူဖြစ်ရမယ်ဆိုတဲ့ တစ်ချက်ပါပဲ။ လူကောင်းဖြစ်ဖို့ကတော့ ကျန်တဲ့ ကရဏီယမေတ္တ ၁၃ ချက်နဲ့ အကရဏီယမေတ္တတစ်ချက် လိုအပ်ပါတယ်။ ဒါဆိုရင် တော်ဖို့က မခက်ဘူး၊ ကောင်းဖို့က ခက်တယ်ဆိုတဲ့ အဓိပ္ပာယ်များ သက်ရောက်နေမလားပဲ။ ဘာပဲဖြစ်ဖြစ်လေ ကြိုးစားကြရမှာပေါ့။ တော်လည်းတော်ကြပါစေ၊ ကောင်းလည်းကောင်းကြပါစေ၊ မိမိဆောင်ရွက်သမျှတွေကိုလည်း တော်အောင်၊ ကောင်းအောင် ဆောင်ရွက်နိုင်ကြပါစေ။ ။

## မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သထုံအကျဉ်းထောင် စစ်ဆေး

**မော်လမြိုင် ဇူလိုင် ၃**

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုး၊ မွန်ပြည်နယ်တရားရေးဦးစီးမှူး ဦးဌေးဝင်းနှင့် သထုံခရိုင်တရားသူကြီး ဒေါ်ဖြူဖြူသွယ်တို့နှင့်အတူ ဇွန် ၃၀ ရက် ညနေ ၃ နာရီက သထုံအကျဉ်းထောင်ကို စစ်ဆေးခဲ့ကြပြီး အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ မီးဖိုချောင်၊ အကျဉ်းထောင်ဆေးခန်း၊ အကျဉ်းထောင်ရေသန့်စက်နှင့် ထောင်တွင်းစိုက်ခင်းများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အကျဉ်းသားများနှင့် အချုပ်ခံနေရသူများအပေါ် နှိပ်စက်ညှဉ်းပန်းခြင်း ရှိ/မရှိ၊ ဥပဒေနှင့်အညီရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး စသည်တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**



## ဘုတလင်မြို့ စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်

**ဘုတလင် ဇူလိုင် ၃**

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ မြို့နယ်အတွင်း ဖြစ်ပွားမှုမရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် စာသင်ကျောင်းများတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့ပေါ်ရှိ အထကတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဦးကျတွင်ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးကံထွန်းမြတ် (HA-1) နှင့် ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဦးစိုးနိုင် (MI)တို့က ဦးဆောင်၍ ဘုတလင်မြို့ပေါ်ရှိ မြဝတီရပ်ကွက်မှ အထကကျောင်း၊ ခုံမင်းကြီးရပ်ကွက် အလက(ခွဲ)၊ ဗန္ဓုလရပ်ကွက် အမကနှင့် မြောက်ကျီကျေးရွာ အလက(ခွဲ)များတွင် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



“ကျောင်းသား ကျောင်းသူတွေ ကျောင်းပိတ်ရက်ဖြစ်တဲ့ စနေနေ့မှာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလို ခြင်ဆေးဖျန်းခြင်းဖြင့် ခြင်နဲ့ ပိုးလောက်လမ်းတွေ ပေါက်ပွားမှုလျော့နည်းစေတဲ့အတွက် အကာအကွယ်ဖြစ်စေပါတယ်”ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသို့ စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချို(IPRD)**

# ပန်းကောင်းအညွန့်မချိုး

## သွန်းခ

**အဘယ်ကြောင့် ဆေးရုံတက်ဖြတ်ကြရသည်အထိ အခြေအနေဆိုးရွားနေကြပါသနည်း။ ဖော်ပြခဲ့သည့်ခုနှစ်များတွင် အရက်ငန်းဖမ်းခြင်း (သို့မဟုတ်) အရက်ကြောင်ခြင်း အခြေအနေမှာ ယခုကာလလောက် မဆိုးရွားခဲ့ပါ။ အရက်စွဲလူနာများအသိများကြသည့် ကျန်းမာရေးလောက အခေါ် "ဒီတီ" ဝင်ခြင်းအား ဆိုလိုပါသည်။ Delirium Tremor ဟု အသုံးများပါသည်။ မြန်မာဘာသာစကားဖြင့် တိုက်ရိုက်အရက်ငန်းဖမ်းခြင်းဟုသာ အနီးစပ်ဆုံးအဓိပ္ပာယ်ပြန်ဆိုရခြင်းဖြစ်ပါ၏။ ယနေ့ယခုကာလတွင်တော့ အရက်ကြောင့်ပြောပြော သောက်သုံးသူများကြောင့်ဟုဆိုဆို ဖော်ပြပါ လက္ခဏာခံစားရသူ အဆမတန်များပြားလာလွန်း၍ ဆေးရုံတက်ဖြတ်ရသူ လူနာဦးရေများပြားလာသည်ဟု ဆိုနိုင်. . .**

မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သည့် သရုပ်ဖော်ကာတွန်းတစ်ကွက်ရေးပေးရန် ကျောင်းမှ ဆရာမက မှာလိုက်ပါသည်ဟု စာရေးသူ၏သမီးငယ်က ပြောခဲ့သည်။ ရေးစရာအကွက်အကွင်းတွေပေါသလောက် အသုံးပြုမည့်နေရာအတွက် စဉ်းစားခဲ့ရပါ၏။ အခြေခံပညာမူလတန်းအဆင့်ကျောင်းတွင် မူလတန်းအရွယ်ကလေးငယ်များအား ပြသမည်ဖြစ်၍ သူတို့အရွယ်၊ သိမြင်လွယ်မည့်အကြောင်းအရာ ဖြစ်ရန်လိုပါသည်။

စိတ်ကြွဆေး၊ စိတ်ကိုပြောင်းလဲစေတတ်သည့်ဆေးဝါးများအပါအဝင် အရက်သေစာအကြောင်းပါအကျုံးဝင်ပေသိ ရေးချပြရန်မဖြစ်သေးဟု တွေးမိ၏။ ထို့ကြောင့် သမီးတို့ကျောင်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့်ဆေးဝါးများ ဆန့်ကျင်ရေးဟောပြောပွဲလုပ်ခဲ့စဉ်က မည်သည့်အကြောင်းအရာတို့ကို ဟောပြောသွားသည်ကို သမီးငယ်အားမေးမြန်းဖြစ်ခဲ့ပါသည်။

သို့တိုင်အောင်စာရေးသူအနေဖြင့် မည်သည့်အကြောင်းအရာရေးသားပေးရမည်ကို အခက်တွေ့နေဆဲ။ အကြောင်းမှာ "မူးယစ်ဆေးဝါးအစဆေးလိပ်က"ဟု သူတို့လေးတွေနားလည်နေခဲ့ကြပါသောကြောင့် စာရေးသူနိုင်ငံ့ဝန်ထမ်းဘဝ တာဝန်စစချင်း ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီး (ယခုအခေါ်အဝေါ်ပြောင်း၍ စိတ်ကျန်းမာရေးဆေးရုံကြီး)၌ တာဝန်ချထားခြင်းခံရဖူးပါ၏။ ငွေကြေးပြည့်စုံသည့် မိသားစုဝင်များရော ခပ်ပေါပေါရခဲ့၍ စမ်းသုံးခဲ့မိကြရာမှ စွဲလမ်းသွားခဲ့ကြသည့်သူများပါ မူးယစ်ဆေးစွဲလူနာများအဖြစ် ဆေးရုံတက်ဆေးဖြတ်ခဲ့ကြသည့်အချိန်နှင့်ကြုံခဲ့ရ၏။

၁၉၈၈ လူထုအုံကြွမှု အရေးအခင်းတွင် မူးယစ်ဆေးဝါးအထူးသဖြင့် ဘိန်းဖြူများ ပုံစံအမျိုးမျိုးနှင့် ရန်ကုန်မြို့တွင်းဝင်ရောက်ခဲ့ပါသည်။ ဈေးလည်းအလွန်ပေါပါ၏။ လွယ်လွယ်ရ၊ လွယ်လွယ်သုံးစွဲခဲ့ကြသည်။ ပေါပေါလောလော အသုံးများ၍ လမ်းဘေး၌ ဆေးထိုးပြွန်တန်းလန်းနှင့် အသက်ဆုံးခဲ့ကြသူအများအပြားရှိခဲ့ကြောင်း သိမီလိုက်ကြသူများ အမှတ်ရကြပေလိမ့်မည်။

နောက်ပိုင်းအုပ်ချုပ်ရေးအပြောင်းအလဲတွင် ဘိန်းဖြူဈေးပြန်တက်သွားခဲ့ပြီး စမ်းသုံးခဲ့ရာမှ စွဲလမ်းသွားကြသည့် မူးယစ်သားကောင်တို့လည်း ဒုက္ခရောက်ခဲ့ကြရသည်။ ထိုမျှမက အိပ်ချ်အိုင်ဗွီ ပိုင်းရပ်စ်ပိုးအပါအဝင် အခြားကူးစက်ရောဂါတို့လည်း ဆိုးမွေအဖြစ် မူးယစ်ဆေးသုံးစွဲကြသူများအတွင်း ကျန်ရစ်ခဲ့ ပေတော့၏။ မိသားစုများလည်း ဒုက္ခရောက်လိုက်ကြသည်မှာ မျက်မြင်ဒိဌ။

အဆိုးဆုံးမှာ ထိုခေတ်လူငယ်လူကောင်း၊ လူရွယ်လေးတော်တော်များများ ဘိန်းဖြူသုံးစွဲတတ်သွားခဲ့ကြခြင်းဖြစ်၏။ ငွေကြေးအကုန်အကျအလွန်များရုံသာမက အဖမ်းအဆီးခံလိုက်ရပါကလည်း ကျသင့်သည့်ပြစ်ဒဏ်သည် ကြီးလေးလှသည်။ သို့သော် ဖော်ပြပြီးသကဲ့သို့ ခပ်ပေါပေါရခဲ့၍ လွယ်လွယ်သုံးစွဲခဲ့ကြရာမှ တင်းကျပ်လာသည့်အခါ စွဲနှင့်နေကြပြီ။ မရမက ရှာဖွေသုံးစွဲကြရာမှ အဖမ်းခံကြရပေတော့၏။ အတုမိ၍သော်လည်းကောင်း၊ အတိုင်းအဆမရှိ သွေးကြောတွင်းထိုးသွင်းသုံးစွဲမိကြသဖြင့်လည်းကောင်း အသက်ပါသွားခဲ့ကြခြင်းဖြစ်ပေတော့သည်။ အရပ်ထဲ၌ အခြေအနေမဟန်၍ ဆေးရုံအတက်ပြ၊ ဆေးရုံမှဆင်းပြီး ပြန်သုံးစွဲနှင့် မိုက်တွင်းနက်ခဲ့ကြသည့် လူနာအများအပြားလည်းရှိခဲ့ပါ၏။

အသားထဲ ချော်ထိုးသွင်းမိ၍ အသက်ဆုံးခြင်းဆိုသည်မှာမဟုတ်ပါ။ သွေးကြောဘေးအသားထဲကို ထိုးသွင်းမိပါက ပြည်တည်နာသာဖြစ်တတ်ပါ၏။ သွေးကြောတွင်း မတန်မဆထိုးသွင်းမိကြရာမှ အသက်ဆုံးရှုံးခဲ့ကြရခြင်းဖြစ်ပါသည်။ တွေ့ရာ၊ ရရာရေဖြင့်ဖျော်စပ်၍ ထိုးသွင်းခဲ့ကြခြင်းကြောင့် ဖြစ်လိုက်ကြသည့် အသည်းရောင်အသားဝါပိုးအပါအဝင် အခြားကူးစက်ရောဂါပိုးတွေ့ရှိသူများလည်းပေါများလွန်း၏။ အိမ်သူအိမ်သား၊ ဘေးလူများ မသိခင်၊ မမြင်ခင်ထိုးသွင်းကြရသည်ကိုး။ အိပ်ချ်အိုင်ဗွီ ပိုင်းရပ်စ်ပိုးရှိနေသူနှင့် ဆေးထိုးအပ်၊ ဆေးထိုးပြွန်များ မျှဝေသုံးစွဲခဲ့ကြခြင်းကြောင့်လည်း ကူးစက်ပျံ့နှံ့နှုန်းပွားများခဲ့ပါ၏။

ဘိန်းဖြူသုံးစွဲကြရာတွင် ရှူသူနှင့် အကြောထဲထိုးသွင်းသူဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားထားသော်လည်း ရှူကြသူအများစုမှာ နောက်ပိုင်း ဆေးထိုးအပ်၊ ဆေးထိုးပြွန်အလွဲအသုံးပြုသည့် မူးယစ်ဆေးဝါးသုံးစွဲကြသူ (IVDA-Intra Venous Drug Abuse User) များအဖြစ် ပြောင်းလဲကုန်ကြတော့သည်။ သုံးစွဲနည်းမျိုးစုံတို့အား ဖော်ပြမည်ဆိုပါက အလွန်ကျယ်ပြန့်လွန်းလှပါ၏။

မည်သို့ပင်ဖြစ်စေ ဘိန်းဖြူအစဆေးလိပ်က ဆိုသည့်စကားအား မူးယစ်ဆေးစွဲသူအချို့က ပြက်ရယ်ပြုခဲ့ကြသည်ကို စာရေးသူ အမှတ်ရနေဆဲဖြစ်ပါသည်။ ထို့အကြောင်းကြောင့်လည်း စာရေးသူ၏သမီးငယ် စာသင်ကျောင်းအတွက် ကာတွန်းပုံရေးပေးရန်တွက်ဆနေခဲ့ရခြင်းဖြစ်ပါ၏။ ဆေးလိပ်လုံးဝမသောက်တတ်သည့် မူးယစ်ဆေးသုံးစွဲကြသူများစွာလည်း ရှိနေပါသောကြောင့်။ သို့သော် မူလတန်းအရွယ်ကလေးငယ်တို့ နားလည်လက်ခံလွယ်မည့်အကြောင်းအရာအဖြစ် ဆေးလိပ်ဆန့်ကျင်ရေးလည်းပါသည့် သရုပ်ဖော်ပုံအား ရေးပို့ပေးဖြစ်ခဲ့ပါသည်။ ဟောပြောပွဲတွင် အရက်သေစာသည်လည်း မူးယစ်စေတတ်၍ ရှောင်ကြဉ်ကြရမည်ဟုပါသေးသည့်အကြောင်း နေအိမ်မှ စာရေးသူ၏ညီငယ်အား မေးငေါ့ပြောလိုက်သည့် သမီးငယ်စကားကြောင့် ယခုစာရေးဖြစ်ခဲ့ခြင်းဖြစ်ပါ၏။

တိုက်ဆိုင်ချင်တော့ ဇွန် ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောင်းပါးရှင် ဆရာမောင်ကျေးဇူးက "စဉ်လာဆုံးမသြဝါဒ ရှောင်ကြမူးယစ်ဆေး"ခေါင်းစဉ်အောက်တွင် "သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ ဝေရမဏီ သိက္ခာပဒံ သမာ ဒိယာမိ" သိက္ခာပုဒ်နှင့် နိဒါန်းပြု၍ အရက်သေစာအကြောင်း ရေးသားထားသည်ကို ဖတ်လိုက်ရပြန်ပါသည်။ ဤစာရေးရန် အကြောင်းပို၍ ခိုင်မာသွားစေပြန်ပါ၏။ (သာဓုပါဆရာမောင် ကျေးဇူးခင်ဗျား)

ယနေ့ခေတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများတွင် မူးယစ်ဆေးအနွယ်ပေါင်းများစွာ၊ အမယ်ပေါင်းစုံလင်စွာ အုံနှင့်ကျင်းနှင့် ပေါ်ပေါက်နေကြောင်း စာရှုသူအများသိတော်မူနှင့်ပြီးဖြစ်ပါမည်။ ဘိန်းဖြူမှ မဟုတ်တော့ပြီ။ စိတ်ကိုပြောင်းလဲစေတတ်သည့် ဆိုသည့် အသုံးအနှုန်းအတိုင်း လူ၏ မူလပကတိစိတ်ကို အကြီးအကျယ် ပြောင်းလဲစေတတ်သည့် ဆေးဝါးမျိုးစုံတို့သည် နည်းပညာဆန်းသစ်တီထွင်မှုနှင့်အတူ ကပ်ငြိတွယ်ပါနေကြောင်း သိမြင်နိုင်ပါမည်။ ဆေးဝါးကုသရာတွင် အသုံးပြုလျက်ရှိသည့် စိတ်ငြိမ်ဆေးပါမကျန် တားမြစ်ဆေးဝါးများထဲ ထည့်သွင်းသတ်မှတ်ခံခဲ့ကြရ၍ အမှန်တကယ်သုံးစွဲရန်လိုအပ်သူတို့ လွယ်လင့်တကူ ဝယ်ယူ၍ မရတော့ပေ။ မူးယစ်ဆေးဝါးတရားမဝင်သုံးစွဲကြသူများကလည်း စိတ်ငြိမ်ဆေးပါအလွန်အကျွံသုံးစွဲကြသည်ကိုး။

အမှန်တကယ်လည်း စိတ်ကိုပြောင်းလဲစေပါသည်။ မိမိမည်သို့ ပြုမူမိလိုက်သည်ကို မိမိကိုယ်တိုင် မသိလိုက်နိုင်သည်အထိ စိတ်ကိုပြောင်းလဲသွားစေခဲ့ပါကြောင်း ရာဇဝတ်မှုခင်းစာမျက်နှာတွင် ဖတ်ရှုကြရပါလိမ့်မည်။

ယခင်ဘိန်းဖြူတုန်းက ဆေးသုံးစွဲရန် ငွေကြေးမရပါက မိမိအား ဝမ်းနှင့်လွယ်မွေးခဲ့သည့် မွေးသမိခင်ကိုပင်လျှင် သတ်ဖြတ်ခဲ့ကြသည်အထိ ကြုံခဲ့၊ ကြားခဲ့ကြရပေလိမ့်မည်။ စိတ်ကိုပြောင်းလဲစေတတ်ပုံကို ဖော်ပြလိုခြင်းဖြစ်ပါ၏။ မတော်တရော်ကျိန်ဆိုရာတွင် မာတာမိခင်အားထည့်သွင်းကျိန်ဆိုခဲ့ကြောင်း ဖော်ပြရန်မသင့်၍ ချန်လှပ်ခဲ့ပါတော့မည်။ ဤသည်လည်း စိတ်ကိုပြောင်းလဲစေခဲ့၍ မဟုတ်ပါလား။ ကြားဖြတ်ဖော်ပြလိုသည့် မူးယစ်ဆေးစွဲလူနာတို့အကြား အတွေ့အကြုံအနည်းငယ်ဖော်ပြလိုပါ၏။ ဘိန်းဖြူထက် ဘိန်းမည်းသည် အလွန်ဖြတ်ရခက်ပါ၏။ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် မှန်ကန်သည့် ကုသချက်ရရှိမှသာ ဘိန်းမည်းသုံးစွဲသူတို့အတွက် သက်သာရာရမည်ကို ဖော်ပြလိုပါသည်။

ယခုပေါ်နေသည့် ဆေးဝါးတို့သည်လည်း စိတ်ကိုပြောင်းလဲစေသည်မှာ ကြောက်မက်ဖွယ်ဖြစ်ကြောင်း၊ ရာဇဝတ်သားဘဝ အမြင်မှန်ရသွားကြသူများမှ သက်သေခံကြပါလိမ့်မည်။ အနည်းငယ်မျှ စမ်းသပ်ရန်မသင့်သည့် မူးယစ်ဆေးဝါးများပင် ဖြစ်တော့သည်။

စာရေးသူရေးလိုသည့် ယစ်မျိုးနွယ်ဝင် သေရည်သေရက်အကြောင်းအစပြုပါတော့မည်။ အရက်နှင့်ပတ်သက်သည့် ဆင်ခြင်ရှောင်ကြဉ်ဖွယ် အမျိုးစုံအောင် ရှေးရှေးဆရာ၊ ဆရာမကြီးများက ရေးသားနှင့်ခဲ့ကြပြီးဖြစ်ပါသည်။ မည်သို့ပင်ရေးရေး၊ မည်သို့ပင် ဟောကြပြောကြပါစေ။ သောက်လိုက်ကြသည့်ယမကာ နှစ်ခြိုက်ကြသူများကား ပို၍ပို၍သာများပြားလာသည်ကို တွေ့မြင်ကြရပေမည်။ ဘာသာတရားအဆုံးအမများရှိနေ၍သာ ဤမျှသက်သာနေသေးသည်ဟု စာရေးသူထင်မြင်မိပါ၏။

ဆရာမင်းလူ၏ ယမကာလုလင်စာအုပ်ကား စာရေးသူအတွက် အမှတ်ထင်ထင် ဖြစ်စေခဲ့သည့် စာတစ်အုပ်ဖြစ်ခဲ့ပါ၏။ ထိုစာအုပ်၏ အမှာစာတွင် ဆရာမင်းလူက အရက်နှင့်ပတ်သက်၍ ရေးတော့မည်ဖြစ်သဖြင့် ကောင်းကြောင်း၊ ဆိုးကြောင်း အရွေးရ၊ အရေးရခက်ခဲ့ပြီး အရက်သောက်သူများအကြောင်းသာ ရေးထားခြင်းဖြစ်၏ဟု သေသပ်လှပစွာ အစပြုထားခဲ့ပါသည်။ အလွန်ဖတ်၍ ကောင်းသည့် စာအုပ်ဖြစ်ပါသည်။ ယခုတိုင်မရိုးနိုင်ပါ။

စာရေးသူအနေဖြင့်တော့ တတ်နိုင်လျှင်အစမပြုခင်ကတည်းက ဖြတ်လိုက်ခြင်းသည် အကောင်းဆုံးဟူသည့် စာသားအား အနှစ်သက်ဆုံးဖြစ်တော့သည်။ အရက်ကြောင့် မည်သို့ဒုက္ခရောက်ကြရသည်။ လူမှုဒုက္ခ၊ စီးပွားရေး အဆင်မပြေသည့်ဒုက္ခ၊ အဆိုးဆုံး ကျန်းမာရေးထိခိုက်သည့် ဒုက္ခတို့သည်ကား ရေး၍လည်းကုန်လိမ့်မည် မထင်ပါ။

ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး၏ အရက်စွဲရောဂါကုသရေးနှင့် သုတေသနဌာနတွင် အတွင်းလူနာအဖြစ် ကုသသူလူနာဦးရေတိုးတက်များပြားလာသည်မှာ တိုးချဲ့ဆောင်ဆောက်လုပ်၍ လက်ခံကုသရသည်အထိ။ စာရေးသူ သတိရနေမိသည့် ရန်ကုန်ရှစ်မိုင် စိတ်ရောဂါအထူးကုဆေးရုံ (မပြောင်းရွှေ့မီ) ၏ ၁၉၉၀ ဝန်းကျင်ကာလများ၌ အရက်စွဲ လူနာဦးရေမှာ ပြောပလောက်အောင်မများလှချေ။ အရက်စွဲလမ်းခြင်းသည် စိတ်ကျန်းမာရေးချို့ယွင်းသည့် လူနာအဖြစ် ဆေးဝါးကုသခံယူရတတ်ပါသည်။ ဖော်ပြပါ ကာလများတွင် အတွင်းလူနာဦးရေ ၂၀ ပင် ပြည့်မည်မထင်ခဲ့ပါ။ ယခုမူကား ရာနှင့်ချီနေပေပြီ။ ထိုခေတ်က အရက် ဆိုင်မပေါ်များသေး၍ဟု တွေးဆစရာဖြစ်သည်ထားဦး။ ထိုခေတ်က အရက်စွဲလူနာများ၏အသက်သည် ယခုခေတ်လောက်ငယ်ရွယ်ကြသူများ မဟုတ်ကြသည်မှာတော့ အနာဂတ်အတွက် ရင်လေးစရာဟုတွက်ဆမိပါ၏။

အဘယ်ကြောင့် ဆေးရုံတက်ဖြတ်ကြရသည်အထိ အခြေအနေဆိုးရွားနေကြပါသနည်း။ ဖော်ပြခဲ့သည့်ခုနှစ်များတွင် အရက်ငန်းဖမ်းခြင်း (သို့မဟုတ်) အရက်ကြောင်ခြင်း အခြေအနေမှာ ယခုကာလလောက် မဆိုးရွားခဲ့ပါ။ အရက်စွဲလူနာများအသိများကြသည့် ကျန်းမာရေးလောက အခေါ် "ဒီတီ"ဝင်ခြင်းအား ဆိုလိုပါသည်။ Delirium Tremor ဟု အသုံးများပါသည်။ မြန်မာဘာသာစကားဖြင့် အရက်ငန်းဖမ်းခြင်းဟုသာ အနီးစပ်ဆုံးအဓိပ္ပာယ်ပြန်ဆိုရခြင်းဖြစ်ပါ၏။ ယနေ့ ယခုကာလတွင်တော့ အရက်ကြောင့်ပြောပြော သောက်သုံးသူများကြောင့်ဟု ဆိုဆို ဖော်ပြပါလက္ခဏာခံစားရသူ အဆမတန်များပြားလာလွန်း၍ ဆေးရုံတက်ဖြတ်ရသူလူနာဦးရေ များပြားလာသည်ဟု ဆိုနိုင်ပါသည်။

အရက်ဖြတ်ရာတွင် ညဘက်အိပ်မပျော်ရာမှ သောက်သုံးခဲ့သည့်နှစ် ပမာဏ၊ သောက်သည့် အလေ့အထတို့ပေါ်တွင် မူတည်၍ အရက်ငန်းဖမ်းခြင်း ပြဿနာအနည်းအများသာကွာပါသည်။ လျှပ်စစ်မီးခွက်ထဲ သံချောင်းထိုးထည့်ခြင်း၊ မစင်အညစ်အကြေးအား ရွှံ့ရှာရမည်မှန်းမသိတော့သည်အထိ စိတ်လွတ်ကိုယ်လွတ်ဖြစ်တတ်ခြင်းတို့အပါအဝင် များစွာသော အပြုအမူလွဲချော်မှားယွင်းမှုမျိုးများ ဖြစ်ပေါ်ခံစားရတတ်ပါ၏။ အတူနေမိသားစုအပေါ် ယုံမှားသံသယနှင့် ရာဇဝတ်မှုကျူးလွန်သည်အထိလည်း ဖြစ်တတ်ပါသေး၏။ အလွန်အန္တရာယ်များသည့်အဆင့်ဖြစ်ပါသည်။

ယခင်နှင့် ယခုရက်များမည်သို့ကွာခြားနေသည်ဆိုသည့်အချက်သည်လည်း အထွေအထူးအဖြေရှာစရာမလိုဟု ယူဆပါသည်။ ယနေ့ခေတ်ကာလ တံဆိပ်ပေါင်းမျိုးစုံ၊ အရသာ၊ အဆင်အပြင်မျိုးစုံနှင့် အရက်များသည်လူကို အဆိပ်အတောက်ပြင်းစွာခံစားရရှိစေနိုင်သည်ဟုသာ သုံးသပ်လိုပါ၏။ ဈေးနှုန်းတို့သည်လည်း အကြွေတစ်ရာ၊ ငွေတစ်ရာနှင့် မူးနိုင်နေသည့် အရက်အမျိုးအစားပေါင်းများစွာရှိနေသည့် ကာလပေကိုး။ စိတ်ကြိုက်သောက်နိုင်သည့် ကာလမျိုးလည်းဖြစ်နေသည်ကိုး။ ဆိုလိုသည်မှာ ယခင်ကာလများက အရက်သေစာသောက်စားခြင်းအား ယဉ်ကျေးမှုတစ်ရပ်အဖြစ် ကျင့်ကြံခဲ့ကြသည့် နယ်ပယ်ကျဉ်းခဲ့သလောက် ယခုကာလတွင် တွင်တွင်ကျယ်ကျယ် ဖြစ်လာသည့် အခြေအနေတစ်ရပ်အားထောက်ပြလိုခြင်းလည်းဖြစ်ပါသည်။

အရက်ကြောင့်ဟု မပြောပလောက်သေးပါဆိုသည့် အကြောင်းပြချက်သည် အခြေအနေနှင့် အချိန်အခါ၊ သောက်သုံးသူ၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေတို့အပေါ်တွင်များစွာမူတည်နေပါသည်ဟူသာ ကျန်းမာရေးရှုထောင့်မှ သုံးသပ်ပြလိုပါသည်။ အရက်ကို လွန်ကျွံစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့် အရက်စွဲရောဂါခံစားရပါက နည်းနည်းချင်း မျှဉ်းဖြတ်၍ ရသည်ဟူသည့် အယူအဆမှာလည်း မမှန်ကန်ပါ။ အရက်စွဲရောဂါကုသရေးနှင့် သုတေသနဌာနမှ သက်ဆိုင်ရာဆရာဝန်များ၏ ကုသချက်မှတ်တမ်းတို့တွင် အရက်အနည်းငယ် သောက်သုံးနိုင်သည်ဟူသည့် မှတ်ချက်ယနေ့ထက်ထိ မရှိသေးပါ။ အရက်စွဲလူနာအား ယတိပြတ်ဖြတ်စေပြီး အရက်စွဲခြင်းကြောင့် ပေါ်ပေါက်တတ်သည့် စိတ်ကျန်းမာရေးပြဿနာများကိုသာ ဆက်လက်ကုသသွားသည်ချည်းဖြစ်ပါ၏။

မိမိစိတ်မိမိနိုင်ပါသည်ဆိုခြင်းထက် တတ်နိုင်လျှင် ပိုမိုပြတ်သားစွာဖြင့် ယခုစာဖော်ပြသကဲ့သို့ အစမပြုမီကတည်းက အပြီးအပြတ်ဖြတ်ထားနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု အကြံပြုလိုပါ၏။

အရက်ကို ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စွဲလမ်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ စွဲလမ်းခြင်းတို့တွင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စွဲလမ်းခြင်းအားနိုင်နင်းစွာ ကုသပေးနိုင်ကြပါသည်။စိတ်ပိုင်းဆိုင်ရာစွဲလမ်းခြင်းသည်ကား မိမိ၏ ဆုံးဖြတ်ချက်၊ ပတ်ဝန်းကျင်အခြေအနေတို့တွင်သာ မူတည်နေပါသည်။ မူးယစ်ဆေးဝါးတို့သည်လည်း ထိုနည်းတူစွာပင် ဖြစ်ပါ၏။ လူကောင်းသူကောင်းများအဖြစ်နှင့်တိုင်းပြည်ထူထောင်နေရမည့်ကာလများတွင် တစ်တပ်တစ်အား ပါဝင်ကြခြင်းဖြင့် မူးယစ်ဆေးစွဲလူနာ၊ အရက်စွဲလူနာများလျော့ပါးပပျောက်စေရေး၊ ရာဇဝတ်မှုခင်းများ ကျဆင်းပပျောက်စေရေးတို့အတွက် ရည်သန်လျက် ယခုစာအား နိဂုံးချုပ်လိုပါ၏။ ။

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

ယနေ့ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ထူးချွန်အမျိုးသမီးများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ ဒေါ်နန်းလိုင်ခမ်း၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်မှတ်အများဆုံး ပထမဆုရ မအိရတနာမိုင်၊ ၂၀၁၄ ခုနှစ် အမျိုးသားစာပေဆုရ ဒေါ်ဖြူနု (စာရေးဆရာမ ဒေါ်စပယ်ဖြူနု)နှင့် (၉၆) ကြိမ် အများဆုံးသွေးလှူဒါန်းသူ အမျိုးသမီးသွေးလှူရှင်ဆုရ ဒေါ်သန်းသန်းဆင့်တို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး အဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးကလည်းကောင်း။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်လှဝတီ၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်မှတ်အများဆုံး ဒုတိယဆုရ မဆုမွန်နှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအောင်မှတ်အများဆုံး တတိယဆုရ မမေစိုးစိုးဆွေတို့အား အဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းကလည်းကောင်း။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်ခင်လေး၊ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါက်တာ မြတ်သီတာမြင့်နှင့် ၂၀၁၅ ခုနှစ် ထူးချွန်အမျိုးသမီး ရဲတပ်ဖွဲ့ဝင်ဆုရ ဒုတိယရဲမှူး စန်းစန်းမြင့်တို့အား အဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က လည်းကောင်း။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်ခင်သက်မော်၊ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်ကြွေကြွေဇင်၊ ၂၀၁၅ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီဆုရ ဒေါ်ခိုင်ခိုင်လှတို့အား အဖွဲ့ချုပ် နာယက ဒေါ်မြသီဂီကလည်းကောင်း။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်အေးအေးညွန့်၊ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်ခင်ကြူကြူသန်းနှင့် ၂၀၁၅ ခုနှစ် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ်ဆုရ မမေထူးမွန်တို့အား အဖွဲ့ချုပ်နာယက ပါမောက္ခ ဒေါက်တာခင်မာထွန်းကလည်းကောင်း။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်ဝေဝေ၊ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရ ဒေါ်စန်းစန်းဦးနှင့် ၂၀၁၅ ခုနှစ် ထူးချွန်အမျိုးသမီးအားကစားမယ်ဆုရ မအေးသစ္စာမြင့်တို့အား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်ကလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။




၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ဘဝလုံခြုံရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်

**ကျောက်မဲ ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က မြန်မာအမျိုးသမီးများနေ့အကြောင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန်းရီက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲကို ကျင်းပရာ ပညာရည်ချွန်ဆုများအဖြစ် ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာဘာ တစ်ဦး၊ လေးဘာသာ သုံးဦး၊ သုံးဘာသာ နှစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၇၄ ဦးတို့ကိုလည်းကောင်း၊ အားကစားထူးချွန်ဆုများအဖြစ် ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရ ကျောက်မဲခရိုင် ဘောလုံးအသင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းပေါင်းစုံ နေပြည်တော် အားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Hole in one တစ်ချက်တည်း ကျင်းဝင်ခဲ့သူ မလင်းလင်းစံနှင့် ၂၀၁၅ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော သက်ငယ်တန်း စစ်တုရင်ပြိုင်ပွဲတွင် အာရှသတ်မှတ်ချက်အဆင့် (၇)နေရာ ရရှိခဲ့သော မအိခြိမ့်ခြိမ့်တို့အားလည်းကောင်း၊ စာပေထူးချွန်ဆုများအဖြစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသူများနှင့် ဆောင်းပါးရှင် ဒေါ်ခင်စန်းရီတို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဟင်းခါး၊ယာမှုန့်၊ မုန့်ချဉ်စပ်၊ငါးအုံး၊ ငှက်ပျောထုပ်၊ ကောက်ညှင်းထုပ်၊ မုန့်ညင်းပေါင်း၊ မုန့်ပေါင်း၊ နော်စောဖြစ်၊ ထမင်းဝါ စသည့် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချကြကြောင်း သိရသည် ။

**မလတ်(ကျောက်မဲ)**

## မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ညောင်တုန်း ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ဘူတာရုံ အနီး၌ကျင်းပသည်။

ရှေးဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်များကိုပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့်အဖွဲ့ဝင်များ၊လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက တက်ရောက်လက်ခံရယူသည်။

ထို့နောက်တက်ရောက်လာကြသူများက ကျွန်းပင်၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီစသည့်ပျိုးပင်စုစုပေါင်း ၃၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

■

## နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ ခြောက်ဦး ပထမဆုံး သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၃**

ဟောင်ကောင်၌ ကျင်းပမည့် (၅၇) ကြိမ်မြောက် နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲ (International Mathematical Olympiad) သို့ ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ ခြောက်ဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသင်္ချာအသင်းမှ သိရသည်။

အဆိုပါ 2016 International Mathematical Olympiad (IMO) သို့ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့မှ သင်္ချာပြိုင်ပွဲတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးကို ရွေးချယ်ပြီး လိုအပ်သည့်သင်ခန်းစာများကို ဆရာ ဆရာမများက စနစ်တကျအချိန်ယူသင်ကြားပို့ချပေးပြီးမှ စေလွှတ်ခြင်းဖြစ်ကြောင်းသိရသည်။

International Mathematical Olympiad (IMO) ပြိုင်ပွဲတွင် နိုင်ငံတကာမှ လာရောက်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ ထူးချွန်မှုအပေါ် မူတည်၍ ရွှေ၊ငွေ၊ကြေးတို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပုစ္ဆာတစ်ပုဒ်လုံး ဖြေဆိုနိုင်ပါက Honourable Meition Certificate ချီးမြှင့်ကြောင်းသိရသည်။

“မနှစ်က ထိုင်းနိုင်ငံ ချင်းမိုင်မှာ ကျင်းပတဲ့ ပြိုင်ပွဲမှာကြည့်ရင် မြန်မာကခုမှ စပြိုင်တာဆိုတော့ ထိပ်ဆုံးရောက်ဖို့မလွယ်ဘူး။ အလယ်အလတ်လောက်တော့ မှန်းထားပါတယ်။ နောက်ဆုံး ပုစ္ဆာတစ်ပုဒ်လုံးမှန်အောင်ဖြေဆိုနိုင်ရင် ပေးတဲ့ Honourable Meition Certificate တော့ရမယ်လို့မျှော်မှန်းထားပါတယ်”ဟု မြန်မာနိုင်ငံသင်္ချာအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောဝင်းမောင်က ပြောသည်။

၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံ ချင်းမိုင်တွင် ကျင်းပသည့် International Mathematical Olympiad (IMO) ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံက အဆင့် ၅၊ စင်ကာပူနိုင်ငံကအဆင့် ၁၀၊ ထိုင်းနိုင်ငံက အဆင့် ၁၂ နှင့် အင်ဒိုနီးရှားနိုင်ငံကအဆင့် ၂၉၊ ဖိလစ်ပိုင်နိုင်ငံက အဆင့် ၃၆၊ မလေးရှားနိုင်ငံက အဆင့် ၅၇၊ ကမ္ဘောဒီးယားနိုင်ငံကအဆင့် ၈၆ ရရှိခဲ့ပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့က အဆင့် ထိပ်ဆုံးမှရရှိခဲ့ကြောင်းသိရသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ဟောင်ကောင်၌ ကျင်းပမည့် ၅၇ ကြိမ်မြောက် International Mathematical Olympiad(IMO) ပြိုင်ပွဲကို ဟောင်ကောင်တွင် ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက် နှစ်ရက် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၊ ၂၀၁၈ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံနှင့် ၂၀၁၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသင်္ချာအသင်း မြန်မာနိုင်ငံ သင်္ချာအိုလံပစ်ကော်မတီမှ သိရသည်။

**(သီသီမင်း)**

**✱ ထိပ်ဆုံးမှ**

အဓိက ကစားသမားများဖြစ်သည့် ရဲကိုဦးနှင့် အောင်သူတို့ ဒဏ်ရာရနေသည့်အပြင် နောက်ခံလူ မွန်ကာလူး ပွဲပယ်ခံထားရသောကြောင့် ရတနာပုံအသင်းပွဲထွက်လူစာရင်း အပြောင်းအလဲအချို့ရှိခဲ့သော်လည်း ရန်ပိုင်၊ ဝင်းနိုင်စိုး၊ မာတူနာ၊ စည်သူအောင်တို့ဖြင့် လူစုံခဲ့သည်။ ချန်ပီယံဆုနှင့်နီးကပ်လာသည့် ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အကောင်းဆုံး ပုံစံဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သည်။ ၁၁ မိနစ်တွင် ရတနာပုံအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး တိုက်စစ်မှူးမာတူနာကသွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ကစားပုံပိုကောင်းလာပြီး ဝင်းနိုင်စိုးက မိနစ် ၄၀ တွင် ပင်နယ်တီမှ ဒုတိယဂိုး၊ ၄၄ မိနစ်တွင် တတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းက ပွဲကိုထိန်းချုပ်ကစားခဲ့သော်လည်း ၆၅ မိနစ်တွင် မိုက်ကယ်က Southern အတွက်ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့သည်။ ၇၃ မိနစ်တွင် Southern အသင်းမှ အီဗရာဟီမာ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရတနာပုံ စတုတ္ထဂိုးရခဲ့ပြီး ပဉ္စမမြောက် အနိုင်ဂိုးကို ၈၉ မိနစ်တွင် မျိုးကိုထွန်းက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် မကွေး အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအတွက် ထူးထူးအောင်နှင့် ဆယ်လာတို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ရခိုင်အတွက် ချေပဂိုးကို အန်ဒရေက သွင်းယူပေးခဲ့သည်။ Horizon အသင်းနှင့် ဟံသာဝတီအသင်းတို့ပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။ အာနက်စ်က ပင်နယ်တီမှတစ်ဆင့် Horizon အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဟံသာဝတီအတွက် ချေပဂိုးကို ဘမ်ဘာက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၆)အပြီးတွင် ရတနာပုံအသင်းက ၄၄ မှတ်ဖြင့် ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်လျက်ရှိပြီး မကွေးအသင်းက ၂၈ မှတ်၊ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့က ၂၆ မှတ်စီ၊ ဇေယျာရွှေမြေအသင်းက ၂၅ မှတ်၊ ဇွဲကပင်နှင့် ဧရာဝတီအသင်းတို့က ၂၄ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၂၂မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်နှင့် Horizon အသင်းက ခြောက်မှတ်တို့ ရရှိထားသည်။

**(ရှိုင်းထက်ဇော်)**

**○ ကျောဖုံးမှ**

မြန်မာလူငယ်(ခ)အသင်းနှင့် ထိုင်းလူငယ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် နယူးဇီလန်လူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်း၊ တတိယပွဲစဉ်အဖြစ် မြန်မာလူငယ်(က)အသင်းနှင့် အင်ဒိုနီးရှားလူငယ်ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေး–ကောလင်း RBE ရထားပြေးဆွဲ

**မန္တလေး ဇူလိုင် ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဦးစီးဌာန မြန်မာ့မီးရထား မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် မန္တလေး-ကောလင်းပြေးဆွဲမည့် အမှတ် (၅၃) အဆန်အထူးအမြန်ရထားစတင်ပြေးဆွဲခြင်းအခမ်းအနားဖွင့်ပွဲကို ဇူလိုင် ၁ ရက် ညနေ ၃ နာရီက မန္တလေးဘူတာကြီး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "RBE ပြေးဆွဲမှုအတွက် ဂုဏ်ယူဝင့်ကြွားရမယ့်အချိန်မဟုတ်ပါ။ တည်ဆောက်မှုလမ်းပိုင်း၊ ပြေးဆွဲမှုက နောက်တောင်ကျနေပြီး အရှေ့တောင်အာရှမှာ အမြင့်ဆုံးအနေအထားဖြစ်အောင်၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရမည်။ အားနည်းချက်တွေ ရှိနေသေးတယ်။ မြန်မာ့မီးရထားက ဝင်ငွေရအောင် ဝန်ဆောင်မှု နှစ်ကျပ်ထွက်ပြီး အရှုံးခံနေရတယ်။ မီးရထားမှာ လမ်းတံတားတွေ မကောင်းသေးသရွေ့ ပြည်သူလူထုလိုလားချက်ဖြည့်ဆည်းမှုခက်ခဲနေရတယ်။ မန္တလေး-ကောလင်း လမ်းပိုင်းပြေးဆွဲမှုကို ပြည်သူတွေလိုလားနေတာကြာပါပြီ။ RBE ပြေးဆွဲမှုသည် သာမန်ပြေးဆွဲမှုတစ်ခုပါ။ ရထားက အကြာဆုံး၊ အရှည်ဆုံးနေရာပြေးဆွဲရာမှာ မြစ်ကြီးနားလမ်းပိုင်း၊ နမ်းခမ်း၊ ဘုံချောင်းကြားက ခက်ခဲကျပ်တည်းဆုံးနေရာပါ။ RBE ကို အခက်အခဲကြားမှ မြစ်ကြီးနားလမ်းပိုင်းထိ ပြေးဆွဲနိုင်အောင်ကြိုးစားသွားပါမယ်။ ရေရှည်ပြေးဆွဲနိုင်အောင်လည်းကြိုးစားမယ်"ဟု ပြောကြားသည်။

RBE အထူးအမြန်ရထားဖြင့် ရထားလမ်းပိုင်းအတွင်း တိုးချဲ့ပြေးဆွဲရခြင်းမှာ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသော ရထားများအပြင် ခရီးသည်ပြည်သူများလုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာ သက်သောင့်သက်သာသွားလာနိုင်ရန် ပြေးဆွဲမည့် RBE သည် အဲကွန်းပါရှိပြီး Rubber Fustension တို့ဖြင့် တည်ဆောက်ထားခြင်းတို့ကြောင့် ခရီးသွားပြည်သူများ အေးချမ်းလုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာ စီးနင်းသွားလာနိုင်ကြမည်ဖြစ်သည်။

RBE စက်ခေါင်းတွဲသည် တိုင်း (၃) မန္တလေးစုရပ်တွင် ၃၀၄၁၊ ၃၀၄၇၊ ၃၀၂၅ တွဲ သုံးဆိုင်းဖြင့်လည်းကောင်း၊ တိုင်း(၂) ကောလင်းစုရပ်တွင် ၃၀၂၉၊ ၃၀၄၃၊ ၃၀၅၂၊ ၃၀၅၆ တွဲ လေးဆိုင်းဖြင့်လည်းကောင်း အမှတ် (၅၃) အဆန်၊ အမှတ် (၅၄) အစုန်ရထားများပြေးဆွဲမည်ဖြစ်ရာ ကောလင်းမှ မန္တလေး၊ မန္တလေးမှ ကောလင်းကုန်သည်များ ဈေးအဝယ်တော်များအနေဖြင့် နေ့ချင်းပြန်ခရီးစဉ်ဖြစ်၍ ပိုမို အဆင်ပြေနိုင်သည်။ မန္တလေးမှ RBE တွဲ သုံးတွဲလျှင် ခရီးသည် ၆၅၊ ၇၄၊ ၈၀ ဦး၊ ကောလင်းမှ မန္တလေး RBE တွဲ တစ်တွဲလျှင် ခရီးသည် ၆၅ ဦးမှ ၈၀ အထိ လိုက်ပါနိုင်ပြီး RBE ရထား တစ်စင်းတွင် လူ ၂၂၀ လိုက်ပါနိုင်သည်။

မန္တလေး-ကောလင်း အမှတ် (၅၃) အဆန် RBE ကို မန္တလေးမှ ညနေ ၃ နာရီခွဲထွက်၍ ရွာထောင်၊ ဝက်လက်၊ ခင်ဦးထိ လက်မှတ်ခမှာ တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မန္တလေးမှ ထန်းတပင်၊ ကန့်ဘလူ၊ ချပ်သင်း၊ ကောလင်းထိ ခရီးသည်တစ်ဦးလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့်လည်းကောင်း ပေးဆောင်ရမည်ဖြစ်သည်။

ကောလင်း-မန္တလေး အမှတ် (၅၄) အစုန် RBE အထူးအမြန်ရထားသည် ကောလင်းမှ ည ၁၀ နာရီခွဲတွင်ထွက်ခွာပြီး ချပ်သင်း၊ ကွန်းလှ၊ ကန့်ဘလူ၊ ထန်းတပင်၊ ခင်ဦးထိ ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်း၊ ရွှေဘို၊ ဝက်လက်၊ ရွာထောင်၊ မန္တလေးထိ လက်မှတ်ခခရီးသည် တစ်ဦးလျှင် ကျပ် ၄၀၀၀ နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

လက်မှတ်ကို တစ်ရက်ကြိုတင်ရောင်းချမည်ဖြစ်ပြီး ရက်ကျန်လက်မှတ်များကို နေ့ချင်းရောင်းချပေးမည်ဖြစ်သည်။ ခရီးသည်ကို လမ်းခရီး၌ အသုံးပြုမည့် စားဖွယ်ပစ္စည်း၊ လက်ဆွဲခြင်း၊ လက်ဆွဲအိတ်မှအပ အခြားပစ္စည်းများ သယ်ယူခွင့်မပြုပါ။

အလားတူ ကောလင်း-မန္တလေး RBE အထူးအမြန် အမှတ်(၅၄) အစုန်ရထားစတင်ပြေးဆွဲခြင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် ည ၉ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကောလင်းဘူတာမှူးရုံပိုင်ကြီး(အထူး) ဦးဌေးဝင်းအောင်က ကြီးကြပ်၍ ကောလင်းဘူတာမှ ည ၁၀ နာရီခွဲတွင် စတင်ပြေးဆွဲရာ မန္တလေးမြို့သို့ ခရီးသည် ၁၂၉ ဦး၊ ဝက်လက် နှစ်ဦး၊ ရွှေဘို လေးဦး၊ ထန်းတပင် တစ်ဦး၊ ကန့်ဘလူ သုံးဦး စုစုပေါင်း ခရီးသည် ၁၃၉ ဦးတို့ လိုက်ပါခဲ့ကြောင်း သိရသည်။

RBE ရထားတွဲဆိုင်း ရှစ်ဆိုင်းတွင် ၃၀၄၁၊ ၃၀၄၇၊ ၃၀၅၂၊ ၃၀၅၂၊ ၃၀၄၃၊ ၃၀၂၉ တွဲများသည် ဂျပန်နိုင်ငံမှ တွဲအသစ်များဖြစ်ပြီး လေအိတ်ပါတွဲဆိုင်းများဖြစ်၍ ခေတ်မီသောမျက်နှာချင်းဆိုင်ထိုင်ခုံ၊ အဲကွန်း၊ ပန်ကာနှင့် သန့်စင်ခန်းများတွဲ ရေမီးအစုံပါရှိသည်။

ပြည်သူကိုဗဟိုပြု၍ ရထားခသတ်မှတ်မှုကိုလည်း ဇွန် ၁၀ ရက်က မန္တလေးမြန်မာ့မီးရထား ရုံပိုင်ချုပ်ကြီး ဦးညိမ်းမောင်၊ ကောလင်းမြန်မာ့မီးရထားရုံပိုင်(အထူး) ဦးဌေးဝင်းအောင်တို့က ပြည်သူ့သဘောထား တောင်းခံလွှာများကို တောင်းယူ၍ ရထားထွက်ချိန်၊ ရောက်ချိန် ရထားလက်မှတ်ခ ဈေးနှုန်းသဘောထားများကို ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကားခ ၈၀၀၀-၁၀၀၀၀ နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော်သက်သာနေသည်။

ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်လမ်းတွင် ပြေးဆွဲနေသော အောင်ရတနာ၊ အာကာမန်း၊ ရွှေကြယ်စင်၊ ရွှေနိုင်ငံ၊ ရွှေစံအိမ်၊ ရွှေတောင်တန်း ခရီးသည်ကားခနှုန်းကို လျှော့ချပေးရန်ဒေသခံခရီးသည်များ လိုလားလျက်ရှိကြောင်း သိရသည်။

**(ရွှေလင်းပြည့်စုံ)**



## ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၃၈၈၀ တွဲမှ ယူရို ၄၂၇ သန်းကျော် ရောင်းချပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၃**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ဆက်လက်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ယူရိုငွေ ၄၁ ဒသမ ၄၈ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၅၀၁ တွဲကို ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ယူရို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲကို ယူရို ၃ ဒသမ၂၉ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

သို့ဖြစ်၍ ကျောက်စိမ်းအတွဲများကို ဇွန် ၂၈ ရက်မှစ၍ ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၃၈၈၀ တွဲကိုရောင်းချခဲ့ပြီးဖြစ်၍ စုစုပေါင်းရောင်းချရငွေမှာ ယူရို ၄၂၇ ဒသမ ၁၁ သန်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၄ ရက်တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၊ ဇူလိုင် ၅ ရက်တွင် ကျောက်စိမ်းတွဲ ၆၀ နှင့် ဇူလိုင် ၆ ရက်တွင် ကျောက်စိမ်းတွဲ ၄၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တောင်သူအချို့ ကြက်သွန်သိုလှောင်ထား၍ မိုးကြက်သွန်စိုက်တောင်သူများ စိုးရိမ်

**ရန်ကုန် ဇူလိုင် ၃**

မြင်းခြံမြို့နယ် နွေကြက်သွန်နီစိုက်တောင်သူများ ကြိုက်ဈေးမျှော်ပြီး ရောင်းချခြင်းမပြုဘဲ လှောင်ထားကြကြောင်း၊ ထို့ကြောင့် မိုးကြက်သွန်ဈေး ယခင်နှစ်လောက် ဝယ်လက်ဈေးမြင့်နိုင်ခြေမရှိကြောင်း၊ ယခုနှစ် နွေကြက်သွန်နီ တစ်ပိဿာ ၅၂၅ ကျပ်မှာ တန့်နေကြောင်း၊ ဒီနှစ် မြင်းခြံမြို့နယ်ထွက် နွေကြက်သွန်နီဈေးကွက်တွင် ဗလုံကျေးရွာအုပ်စု ဝင်ကန်ဆင့်ကျေးရွာထွက် ကြက်သွန်နီကို ဝယ်လက်ကိုယ်စားလှယ်တွေက ဈေးအမြင့်ဆုံးပေးဝယ်၍ ဗလုံ၊ ဖုံရွှာ၊ ယသာ၊ ဖောင်းကားကျေးရွာများမှ ကြက်သွန်နီစိုက်တောင်သူများ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းထုပ်ဆိုသလိုဖြစ်နေကြောင်း ကြက်သွန်လှောင်ထားသည့် တောင်သူများထံမှ သိရသည်။

"ဒီနှစ်မှာဗလုံ၊ ဖုံရွှာ၊ ယသာ၊ ဖောင်းကားကျေးရွာတို့မှ တောင်သူများစိုက်ခဲ့တဲ့ နွေကြက်သွန်ဥ ဖွံ့ဖြိုးမှုကွာခြားတော့ ကန်ဆင့်ကြက်သွန်တစ်ပိဿာ ကျပ် ၇၀၀ မှ ၈၀၀ ဈေးဖြင့် ရောင်းချရတယ်။ ယခု မြင်းခြံကြက်သွန်ဒိုင်ပေါက်ဈေးက တစ်ပိဿာ ၅၂၅ ကျပ်ဆိုတော့ လာမယ့် နွေရာသီကြက်သွန်စိုက်စရိတ်လုံလောက်မှုရှိ၊ မရှိပြန်လည်သုံးသပ်ပြီး ရောင်းချသွားမှာဖြစ်ပါတယ်" ဟု နွေကြက်သွန်စိုက်တောင်သူ ဦးမြအောင်က ပြောသည်။

၂၀၁၅ ခုနှစ် နွေကြက်သွန်စိုက်ပျိုးချိန် သဘာဝအပူချိန်လွန်ကဲပြီး မြေသားကျုံ့ခြင်းကြောင့် ရှယ်တန်းဝင်ကြက်သွန်ဥအထွက်ကျဆင်းခဲ့ကြောင်း၊ ယခုနှစ် နွေကြက်သွန်စိုက်ဖြစ်လျှင်တော့ ကိုယ်ပိုင်ပျိုးခင်းထူထောင်ပြီး ရှယ်ကြက်သွန်ထွက်ရှိရန် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း တောင်သူ ဦးညွန့်တင်က ပြောသည်။ **(ထွန်းဝင်း)**



## စာရေးဆရာမြတ်ငြိမ်း ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၃**

၂၀၀၁ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာမြတ်ငြိမ်းသည် ဇူလိုင် ၃ ရက် နံနက် ၁ နာရီ ၅ မိနစ်က ပင်လုံဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရသည်။ ဆရာမြတ်ငြိမ်းကို ၃-၁၂-၃၉ ရက်တွင် အဖ ဦးထွန်းငြိမ်း၊ အမိ ဒေါ်မမတို့က ရေနံချောင်းမြို့တွင် မွေးဖွားခဲ့သည်။ အမည်ရင်း ဦးမြင့်ဆွေဖြစ်သည်။ ၁၉၄၈ မှ ၁၉၅၂ ခုနှစ်ထိ ကြည့်မြင်တိုင် အေဘီအမ် မိန်းကလေးအထက်တန်းကျောင်း၌လည်းကောင်း၊ ၁၉၅၃ မှ ၁၉၅၇ ခုနှစ်ထိ လမ်းမတော်စိန့်ဂျွန်း ယောကျ်ားလေးအထက်တန်းကျောင်း၌လည်းကောင်း တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဘီအိုစီ(မြန်မာ့ရေနံ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ္ဍာရေးဌာန)တွင် အမှုထမ်းခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ဌာနခွဲမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

ငယ်စဉ်ကပင် မဂ္ဂဇင်းများတွင် ကဗျာဝတ္ထုတိုများရေးခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် "ဖိလစ်ပိုင် အမျိုးသားအာဇာနည် ဒေါက်တာရီဇော်"လုံးချင်းစာအုပ်ဖြင့် စာပေလောကသို့စတင်ခြေချခဲ့သည်။ ထိုစဉ်ကစပြီး ဘာသာပြန်ရသသုတစာအုပ်များ ဆက်တိုက်ရေးသားထုတ်ဝေခဲ့ရာ ယနေ့ထိ အုပ်ရေ ၁၂၀ ခန့်ရှိပြီဖြစ်သည်။

ဒေါက်တာရီဇော်(၁၉၇၇)၊ ဟစ်တလာကို ပြန်လည်မွေးဖွားသူ(၁၉၇၇၊ ၁၉၉၃၊ ၂၀၀၁)၊ ရွက်မရှိလျှင်တက်တက်မရှိလျှင် လက်ချည်းလှော်မည်(၁၉၈၀)၊ ဤမှန်သောသစ္စာစကားကြောင့်(၁၉၈၂)၊ စွန့်လွှတ်ခြင်းများစွာဖြင့်(၁၉၈၃၊ ၁၉၈၇)၊ မြင်းမိုရ်မမြင့်ပါ(၁၉၉၉)၊ ဖေဖေပေးခဲ့မယ့်အမွေ(၂၀၀၀)၊ ဆရာအို၏ ဘဝနေဝင်ချိန်သင်တန်း(၂၀၀၀)၊ ဦးထုပ်ခြောက်လုံးတွေးခေါ်နည်း(၂၀၀၀)၊ တီထွင်တွေး(၂၀၀၃)တို့သည် ထင်ရှားသောစာအုပ်များဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် "နှလုံးသားထဲမှာအဖြေရှာ" စာအုပ်ဖြင့် အမျိုးသားစာပေဆု(ဘာသာပြန်ရသစာပေဆု) ရရှိခဲ့သည်။

မကွယ်လွန်မီအချိန်ထိ အမှတ်(၁၁၅၁) အောင်သုခလမ်း၊ (၄၀)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နေထိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

---

❖ **ရွှေ့ဖုံးမှ**

ထိုသို့ မိုးရေအလုံးအရင်းဖြင့် နုန်းတားဆည်အား ဖြတ်ကျော်ပြီး ရာဇဂြိုဟ်ဆည်အတွင်း ဝင်ရောက်လာမှုကြောင့် နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန် တိုင်းတာချက်အရ အမြင့်ဆုံးရေမှတ် ၆၅၁ ဒသမ ၅ ပေအထိရောက်ရှိခဲ့ပြီး ညနေပိုင်းတွင် ရေအမှတ် ၆၄၅ ဒသမ ၅ ပေအထိ ပြန်လည်ကျဆင်းသွားကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

"ရေကျော်နိုင်မယ့်နေရာတွေမှာ သဲအိတ်တွေချထားပါတယ်။ ရာဇဂြိုဟ်ဆည်ထဲဝင်လာတဲ့ သစ်ပင်၊ အမှိုက်သရိုက်တွေကိုလည်း ရေလွှဲပေါက်တွေမှာ ပိတ်ဆို့မှုမရှိအောင် ယန္တရားတွေနဲ့ ဆယ်နေပါတယ်။ နုန်းတားဆည်ကိုတော့ ရေပြန်ကျတာနဲ့ ပျက်စီးသွားတဲ့ အပိုင်းတွေကို ပြန်လည်ပြင်ဆင်သွားပါမယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ပြောသည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း သဘာဝအတိုင်းဖြစ်ပေါ်နေသည့် မြေပြိုဆည်နှင့်ပတ်သက်ပြီး "မြေပြိုဆည် ပေါက်ကျ၊ မကျကတော့ မသိရသေးပါဘူး။ အဲဒီဘက်မှာ မိုးက အများကြီးရွာနေတယ်။ ဌာနက တာဝန်ရှိသူတချို့ ဟန်ကင်ရွာကနေ သွားကြည့်ကြတယ်။ မိုးရွာနေတော့ ဘာမှမမြင်ရဘူး"ဟု ၎င်းက ပြောသည်။

မိုးရေများဝင်ရောက်ချိန်တွင် နုန်းတားဆည်၌ လုပ်ငန်းဆောင်ရွက်နေသူတချို့ ပိတ်မိနေကြောင်း သတင်းများထွက်ပေါ်နေခြင်းနှင့်စပ်လျဉ်းပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က "လူ ၁၀ ဦး နုန်းတားဆည်မှာ ပိတ်မိတယ်ဆိုတာမဟုတ်ပါဘူး။ လမ်းရှိပါတယ်။ လမ်းလည်းဖောက်ထားပါတယ်" ဟုပြောသည်။

၂၀၁၅ ခုနှစ် မိုးရာသီကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေနှင့်အတူ နုန်းအနည်အနစ်များ ရာဇဂြိုဟ်ဆည်အတွင်း ဝင်ရောက်လာပြီး အနည်ပို့ချမှုများလာကြောင်း ယခုနှစ်တွင် အနည်ပို့ချမှုလျော့နည်းစေရန်အတွက် ရာဇဂြိုဟ်ဆည်နှင့် သုံးမိုင်ခွဲခန့်တွင် အမြင့် ၁၂ ပေ၊ အလျားပေ ၃၅၀ ရှိ နုန်းတားဆည်တစ်ခု၊ နှစ်မိုင်ခွဲခန့်တွင် အမြင့် ၁၂ ပေ၊ အလျားပေ ၂၀၀ ရှိ နုန်းတားဆည်တစ်ခုနှင့် တစ်မိုင်ခန့်တွင် အမြင့် ၁၆ ပေ၊ အလျားပေ၂၁၀ ရှိ နုန်းတားဆည်တစ်ခုတို့ကို တည်ဆောက်နေစဉ်အတွင်း ချင်းတောင်ပေါ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တီွလီချောင်းမှတစ်ဆင့် မိုးရေများ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ကဖိုးတင်**

# ရွှေပြည်သာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၁) စက်မှုဒေသလမ်းရှိ အမှတ်(၁)စက်မှုဇုန် စီမံခန့်ခွဲရေးရုံးတွင် ဇူလိုင် ၂ ရက်က ရွှေပြည်သာစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဇုန်ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"အဓိကကတော့ ဇုန်ရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ လိုအပ်ချက်တွေကို လွှတ်တော်ကိုယ်စားလှယ်တွေကသိရှိပြီး အကူအညီပေးနိုင်အောင် တွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့တာပါ။ စက်မှုဇုန်(၁)နယ်မြေအတွင်းမှာ လမ်းခင်းဖို့ ကျန်နေတဲ့ ပေပေါင်း ၆၆၀၀ ကျော် ဆက်ခင်းဖို့ကိစ္စ၊ စက်မှုလမ်းမတွေပေါ်မှာ ယာဉ်ကြီးတွေအချိန်ကြာမြင့်စွာရပ်နားလို့ လမ်းပိတ်ဆို့မှုဖြစ်ဖြစ်နေလို့ ယာဉ်ရပ်နားဖို့ မြေနေရာရရှိရေး မြို့ပြနှင့်မြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြထားမှုအပေါ် ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးဖို့ကိစ္စ၊ ဇုန်နယ်မြေအတွင်းမှာ လုယက်မှုတွေ မကြာခဏဆိုသလို ဖြစ်ဖြစ်နေလို့ ယခင်ရဲကင်းရှိတဲ့နေရာမှာ ရဲကင်းပြန်ထားပေးဖို့ကိစ္စတွေဆွေးနွေးဖြစ်ကြပါတယ်"ဟု စက်မှုဇုန်(၁)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသိန်းက ပြောသည်။

ရွှေပြည်သာမြို့နယ်တွင် စက်မှုဇုန် ၁၊ ၂၊ ၃၊ ၄ နှင့် သာခုကန်စက်မှုဇုန်၊ ဝါးတစ်ရာစက်မှုဇုန်တို့ရှိသည့်အနက် စက်မှုဇုန်(၁)သည် ပထမဆုံး တည်ဆောက်ခဲ့သောစက်မှုဇုန်ဖြစ်ပြီး ရွှေပြည်သာစက်မှုဇုန်များတွင် ဇုန်ကားလမ်းမကြီးများတစ်လျှောက် အချိန်ကြာမြင့်စွာ ယာဉ်ရပ်နားထားခြင်း၊ ဝပ်ရှော့များတွင် ယာဉ်ရပ်၍ အချိန်ကြာမြင့်စွာ ပြင်ဆင်နေမှုများကြောင့် ယာဉ်အသွားအလာမြင်ကွင်းကျဉ်းပြီး ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း၊ မကြာခဏ ယာဉ်တိုက်မှု၊ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပွားနေသဖြင့် ယာဉ်ရပ်နားရန် မြေနေရာတစ်ခုရွေးချယ်၍ မြို့တော်စည်ပင်သို့ ၂၀၁၄ -၂၀၁၅ ခုနှစ်က တင်ပြခဲ့ဖူးကြောင်း သိရသည်။

၎င်းတို့တင်ပြခဲ့သည့်မြေနေရာမှာ စက်မှုဇုန်(၁) စက်မှု (၄)လမ်းနှင့် (၅)လမ်းကြား ခရေလမ်းမကြီးဘေး မြေကွက်လပ်ဖြစ်ပြီး အလျားပေ ၄၉၅/၄၆၀၊ အနံပေ ၆၅/၈၆ ပေ ကျယ်ဝန်း၍ လက်ရှိကန်စွန်းခင်းစိုက်ထားသောမြေဖြစ်သည်။

စက်မှုဇုန်(၁)နယ်မြေအတွင်းရှိ စက်မှုဒေသလမ်းပေါ်တွင် ဇုန်စီမံခန့်ခွဲရေးအဖွဲ့မှ လမ်းဖြတ်သန်းခကောက်ခံသည့်ဂိတ်စခန်းတစ်ခုဖွင့်လှစ်၍ကောက်ခံရာ တစ်လပျမ်းမျှဝင်ငွေကျပ်သိန်း ၁၉၀ ခန့်ကောက်ခံရရှိငွေများ၊ လုပ်ငန်းရှင်များ၏ စုပေါင်းမတည်ငွေများဖြင့် ဇုန်အတွင်းရှိလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းကို ခွင့်ပြုမိန့်တောင်း၍လုပ်ကိုင်ခဲ့ရာ ၉၀ ရာခိုင်နှုန်းကျော်ခန့်ပြီးစီးခဲ့ပြီးဖြစ်သည်။ ယခုအခါတွင် ကျန်ရှိနေသောပေပေါင်း ၆၆၀၀ ကျော်ရှိသည့် မဟော်ဂနီလမ်း တစ်ခုသာကျန်တော့ကြောင်း၊ ကျန်ရှိနေသည့် လမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် တင်ပြခဲ့ကြောင်း သိရသည်။

"မြေပြင်ဆင်းကြည့်ပြီး တတ်နိုင်တဲ့ဘက်က ကူညီပေးဖို့ပြောခဲ့ပါတယ်။ စက်မှုဇုန်ဆိုတော့ ယာဉ်ရပ်ဖို့မြေနေရာ လိုတာမှန်ပါတယ်။ မြေနေရာရရင် လမ်းပိတ်ဆို့မှုကိစ္စတွေလည်း ဖြေလျှော့နိုင်မှာဖြစ်ပါတယ်။ ကျန်ကိစ္စတွေလည်း အသေးစိတ်ပြန်တင်ပြပေးဖို့လုပ်ခိုင်းထားပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်းက ပြောသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

## သရက်ချောင်းမြို့နယ်၌ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်ထိုးနှံ

**သရက်ချောင်း ဇူလိုင် ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်(PCV-10) ထည့်သွင်းထိုးနှံခြင်းအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်(PCV-10)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ အသက် နှစ်လအရွယ် ကလေး ၂၁ ဦးအား ၎င်းဆေးအသစ်ကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တစ်ရပ်အဖြစ် စတင်ထိုးနှံပေးကြောင်း သိရသည်။



**နိုင်ဝင်း(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာငါးရွာမီးလင်းပြီ

**ညောင်တုန်း ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ရက် ၁၀၀ စီမံချက်ဖြင့် ကိုယ့်အားကိုယ်ကိုးကျေးရွာငါးရွာ မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဲဇလီဓာတ်အားခွဲရုံ 33/11KV 5MVA နှင့် 11KV လိုင်း ၁၇ မိုင် တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောနေပိုင်တို့က ဇွန် ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

"ကျွန်တော်တို့ ငှက်ပျောကျွန်းကျေးရွာက မဲဇလီ(ဒလ)ကျေးရွာကနေ ငါးမိုင်လောက်ဝေးပါတယ်။ ဒီလိုအဝေးပြေးကားလမ်းမနဲ့ ဝေးတဲ့နေရာဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးရွာသူ ကျေးရွာသားတွေကို စည်းရုံးပြီး ယခုလိုလျှပ်စစ်မီးရရှိအောင် ကျွန်တော်ဦးဆောင်ပြီး ဆောင်ရွက်ခဲ့တာပါ။ ယခင်က မီးခွက်၊ မှန်အိမ်၊ ဘက်ထရီ၊ ဆိုလာမီးတွေကနေ အဆင့်ဆင့်တိုးတက်ပြောင်းလဲပြီး အိမ်မီး၊ လမ်းမီး တစ်ရွာလုံးရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမဆုံး ပီတိဖြစ်မိပါတယ်။

"ကျွန်တော်တို့ရွာဟာ အိမ်ခြေ ၁၅၀၀ လောက်ရှိတဲ့ ရွာကြီးတစ်ရွာပါ။ လျှပ်စစ်မီတာ သွယ်တန်းတဲ့အိမ်က ၃၄၇ အိမ်ရှိပါတယ်။ နောက်ထပ်ဆက်လက်သွယ်တန်းဖို့ အိမ်တွေလည်းရှိပါတယ်" ဟု ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းက ပြောသည်။

အဆိုပါ ကျေးရွာငါးရွာသို့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းပြီးစီးပြီဖြစ်သော ငှက်ပျောကျွန်း၊ ခတ္တိယ၊ ကျွန်းဦး၊ ပေါက်ကျိုင်းနှင့် မဲဇလီအောက်စုကျေးရွာ ငါးရွာအား ဇွန် ၃၀ ရက် ညနေပိုင်းက လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးပြီဖြစ်ရာ ကျေးရွာနေပြည်သူများ လျှပ်စစ်မီး စတင်သုံးစွဲနိုင်ကြပြီဖြစ်သဖြင့် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

○

## ကျောက်ဖြူတွင် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား ကူးစက်ရောဂါကာကွယ်ရေး သင်တန်းပေး

**ကျောက်ဖြူ ဇူလိုင် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး သင်တန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇွန် ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်ဖြူမြို့နယ်အတွင်း ဖြစ်ပွားလေ့ရှိသော တိရစ္ဆာန်ကူးစက်ရောဂါများကို သင်တန်းတွင် အဓိကထား သင်ကြားပေးခဲ့ကြောင်း ကျောက်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်နိုင်ဦးက ပြောသည်။

"ကျောက်ဖြူဒေသမှာ ဖြစ်ပွားတတ်တဲ့ တိရစ္ဆာန်ကူးစက်ရောဂါတွေအကြောင်းကို သင်တန်းမှာ အဓိကထားသင်ကြားပေးပါတယ်။ ကျေးလက်ဒေသမှာရှိတဲ့ တိရစ္ဆာန်ကျန်းမာရေးလုပ်သားတွေအနေနဲ့ သင်တန်းတက်ထားတဲ့အတွက် တိရစ္ဆာန်ကူးစက်ရောဂါတွေဖြစ်လာရင် ထိန်းချုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ သင်တန်း၌ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ပေါင်ပုပ်လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ၊ ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါတို့အပြင် ကျွဲငယ်၊ နွားငယ်များတွင် ဖြစ်ပွားတတ်သော သန်လုံးကောင် ရောဂါအကြောင်းတို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဝက်များတွင် ဖြစ်ပွားလေ့ရှိသော ဝက်ဝမ်းကျရောဂါ၊ နားရွက်ပြာရောဂါနှင့် ကြက်များတွင် ဖြစ်ပွားလေ့ရှိသော ကြက်လည်လိမ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝမ်းကျရောဂါများ အကြောင်းကိုလည်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၀ ဦး တက်ရောက်ခဲ့ပြီး အလားတူသင်တန်းများကို သုံးလတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သုတ)**

## ပျိုးချိန်စိုက်ချိန်

☆ ပျိုးပါကွဲ့ ပျိုးပါ
ညီတညာချိန်မရွေး။
တောတစ်ခို တောင်ညိုတန်း
စိမ်းလန်းဖို့ရေး။
☆ ဥတုရယ် ချိန်ရာသီ
တောကိုမှီ မှန်စေသား။
မကြွားတကယ်
တရားနှယ်ဆိုစကား
လေးစားစို့လား။
☆ ပျိုးချလို့ စိုက်ကြစမ်း
အေးချမ်းတဲ့သည်ရပ်မြေ၊
မြေဆွကာပေါင်းမြက်ရှင်း
စိုက်ခင်းဖြစ်စေ။
စိမ်းလန်းလို့စိုပြည်
မှန်မသေ့ရှုယ်ရည်စူး။
လွှမ်းအခြုံမှုံ့အဆင်းရယ်နဲ့
ပန်းအစုံထုံသင်းပါလို့
ဆိုသီချင်းသာသာပေါ့
စမ်းရေပြောစီးသံတေးရယ်နဲ့ (အလိုကွယ်)
ငှက်ကျေးသံမြူး။ ။

ဖိုလေးလုံး သောင်းကိုကို



# ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်းဆင်း

**ပျော်ဘွယ် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုဖြစ်သော ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် အသက်မွေးဝမ်းကျောင်းတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့သော ကွန်ပျူတာအခြေခံသင်တန်းဆင်းလက်မှတ်ချီးမြှင့်ခြင်းကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါရုံးတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်က သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးပြီးနောက်တွင်လည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန်လိုအပ်ပါကြောင်း၊ လျှပ်စစ်မီးအခက်အခဲ၊ ကွန်ပျူတာအခက်အခဲရှိပါက မြို့နယ်ဦးစီးဌာနရုံးသို့ လာရောက်လေ့လာနိုင်ပါကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သောကြောင့် တတ်အားသရွေ့ လေ့ကျင့်သွားရန်လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားပြီး မြို့မိမြို့ဖ ဦးစံထွန်းက သင်တန်းဆိုသည်မှာ အကန့်အသတ်ဖြင့်သာ သင်ကြားခြင်းကြောင့် ဆက်လက်လေ့ကျင့်ရန်လိုအပ်ပါကြောင်း၊ နည်းပညာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကိုလည်း ဖတ်မှတ်လေ့လာရန်လိုအပ်ပါကြောင်း၊ ပညာအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတွေးအခေါ်များနှင့် ပေါင်းစပ်လုပ်ကိုင်တတ်ရန်လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၃၀ ကြာဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသား ၁၀ ဦးအား မြို့နယ်ဦးစီးမှူး ဦးနိုင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။



**မင်းမင်းထွေး(ပျော်ဘွယ်)**



အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်(၈)လမ်း (မြောက်)ဘက် စေတနာအခမဲ့ဆေးခန်း၌ ငွေကြေးမတတ်နိုင်သူလူနာများနှင့် ဝေဒနာရှင်လူနာ ၁၅၀၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁ ရက်က ဆေးခန်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးသောင်းကြည်နှင့် အတွင်းရေးမှူး ဦးဆန်းဦးတို့က ဝေဒနာရှင်တစ်ဦးအားအာဟာရ အစားအစာများ၊ ဆေးဝါး၊ ငွေကြေးနှင့်အမှတ်တရလက်ဆောင်များ ထောက်ပံ့ပေးအပ်စဉ်။ **(ကြေးမုံ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဇူလိုင် ၃**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကုန်လုပ်ငန်းဌာနမှ ကြီးမှူးကျင်းပသည့် အထွေထွေကုန်နှင့် ကုန်သေတ္တာတင်ယာဉ်မောင်းများ လိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများသင်တန်းကို ကုန်သေတ္တာတင် မော်တော်ယာဉ်မောင်း ၁၈၁ ဦးဖြင့်ဇူလိုင် ၁ ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေ အမှတ်(၅)ဂိုဒေါင်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်ထောက်မန်နေဂျာ ဦးတိုးသန်းက ဆိပ်ကမ်းဝင်းများအတွင်း ယာဉ်မောင်းများလိုက်နာရန် စည်းကမ်းများကို ပြောကြားကာ အမှတ်(၄၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းမြင့်အောင်က ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေတားမြစ်ချက်နှင့်ပြစ်ဒဏ်များ၊ ၂၀၁၆ ခုနှစ် ယာဉ်တိုက်မှုနှင့် သေဆုံးဒဏ်ရာရရှိမှုအခြေအနေ၊ ယာဉ်မောင်းသူများ လိုက်နာရန်နှင့် ရှောင်ရန်အချက်များ၊ ဆိုင်ကယ်တိုက်မှု၊ တိမ်းမှောက်မှုနှင့် ဖြစ်ပွားရသည့်အကြောင်းအရင်းများကို အသိပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

၎င်းအပြင် ဆိပ်ကမ်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ထွန်းက မှုခင်းကျဆင်းရေးနှင့် ဥပဒေအသိပညာပေးဆွေးနွေးကာ ဆိပ်ကမ်းများမှတာဝန်ရှိသူများက ဆိပ်ကမ်းများတွင် ချမှတ်ထားသည့် စည်းကမ်းများ၊ လိုက်နာရန်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# အောက်တိန်း 92 နှင့် ဒီဇယ် ဈေးနှုန်းတူဖြင့် ရောင်းချနေမှုရှိလာ

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြို့တွင်း စက်သုံးဆီဆိုင်များတွင် အောက်တိန်း 92 ဈေးနှုန်းသည် ဒီဇယ်ဈေးနှုန်းထက်ဈေးမြင့်နေရာမှ ၂၀၁၆ ခုနှစ် ဇွန်လကုန်မှ ယနေ့အထိ ဈေးနှုန်းတူဖြင့် ရောင်းချသည်အထိ ဒီဇယ်ဈေးနှုန်းမြင့်တက်လာသည်။

၂၀၁၅ ဇွန်လမှ ၂၀၁၆ ဇွန်လအထိ တစ်နှစ်ကျော်ကာလအတွင်း ပြည်ပမှ တင်သွင်းလာသော အောက်တိန်း 92 တစ်လီတာ၏ တစ်ပတ်အတွင်း အရင်းဈေးနှုန်းသည် ၄၁၆ ကျပ်ထိ အနိမ့်ဆုံးသို့ကျဆင်းပြီး အမြင့်ဆုံးအဖြစ် ကျပ် ၇၇၀ နှုန်းထိရှိခဲ့သည်။

ဒီဇယ်တစ်လီတာအရင်းဈေးမှာမူ အနိမ့်ဆုံး ၃၄၁ ကျပ်၊ အမြင့်ဆုံး ၆၈၅ ကျပ်နှုန်းရှိခဲ့သည်။ စက်သုံးဆီဈေးမြင့်သည့်ကာလသည် ၂၀၁၅ ခုနှစ် ဇွန်လဆန်းပိုင်းဖြစ်ပြီး ဈေးနှုန်းအနိမ့်ဆုံးသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်နှင့် ဖေဖော်ဝါရီလဆန်းတို့ဖြစ်သည်။

ရန်ကုန်မြို့တွင်း ရောင်းဈေးများအနေဖြင့် အောက်တိန်း 92 တစ်လီတာ အမြင့်ဆုံး ကျပ် ၇၅၀၊ အနိမ့်ဆုံး ကျပ် ၅၂၀ ရှိခဲ့ပြီး ဒီဇယ်တစ်လီတာ အမြင့်ဆုံးကျပ် ၇၁၀၊ အနိမ့်ဆုံးကျပ် ၄၆၀ နှုန်း အသီးသီးရှိခဲ့သည်ဟု သိရသည်။

ပြည်ပမှ တင်သွင်းလာသော စက်သုံးဆီတစ်လီတာ အရင်းဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် မေလလယ်မှစ၍ ကျပ် ၅၀၀ အထက်သို့ စတင်ပြန်လည်ရောက်ရှိလာသည်။ မေ ၁၆ ရက်မှ ၂၀ ရက်အတွင်း အောက်တိန်း 92 တစ်လီတာ၏ အရင်းဈေးမှာ ၅၃၂ ကျပ်၊ ဒီဇယ်အရင်းဈေး ၅၀၇ ကျပ်ဖြစ်သည်။ ရန်ကုန်မြို့တွင်း ရောင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ကျပ် ၅၄၀-၅၅၀၊ ဒီဇယ် ကျပ် ၄၉၀-၅၂၀ ဖြစ်သည်။

၂၀၁၆ ခုနှစ် ဇွန် ၆ ရက်မှ ၁၀ ရက် အတွင်းတွင်မူ အောက်တိန်း 92 တစ်လီတာ အရင်းဈေး ၅၄၃ ကျပ်၊ ဒီဇယ်တစ်လီတာ အရင်းဈေး ၅၄၅ ကျပ်နှုန်းရှိပြီး ဇွန် ၂၀မှ ၂၄ ရက်အတွင်းတွင်မူ အောက်တိန်း 92 တစ်လီတာ အရင်းဈေး ၅၃၄ ကျပ်၊ ဒီဇယ် ၅၂၉ ကျပ်နှုန်းသို့ပြန်လည်ဈေးနှုန်းကျလာသည်။

အထက်ပါ အရင်းဈေးနှုန်းအချက်အလက်များသည် သက်ဆိုင်ရာမှ နိုင်ငံပိုင်သတင်းစာများတွင် တစ်နှစ်ကျော်ကာလအတွင်း ဖော်ပြထားချက်များမှ ရယူထားခြင်းဖြစ်သည်။ ပြည်ပမှ စက်သုံးဆီတင်သွင်းလာသော ကုမ္ပဏီကြီးအချို့၏ ရန်ကုန်မြို့တွင်း အရောင်းဆိုင်အများစုတွင် ဇွန်လကုန်ပိုင်းမှစ၍ အောက်တိန်း 92 တစ်လီတာ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများမှာ ဈေးနှုန်းတူ ကျပ် ၅၇၀ ဖြင့် ဝယ်ယူနေရသည်ဟု အရောင်းဆိုင်ရှေ့များရှိ ဈေးနှုန်းကြေညာထားမှုနှင့်ဝယ်ယူခဲ့သူ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများထံမှ သိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင် ၅၀ ဒသမ ၂၂ ဒေါ်လာနှုန်းသို့ ၂၀၁၆ မေလကုန်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာမှ ဇွန်လကုန်တွင် ၄၉ ဒေါ်လာ ဝန်းကျင်သို့ ပြန်လည်ကျဆင်းလာသည်။ ကမ္ဘာ့ရေနံဈေးကွက်တွင် ယခုရက်ပိုင်းအတွင်းဝယ်လိုအားထက် ရောင်းလိုအားများပြားနေသဖြင့် မေလနှောင်းပိုင်းမှစ၍ မသန့်စင်ရသေးသော ရေနံစိမ်းစည်ပေါင်း ၉၄ သန်းကို သိုလှောင်ထားသည့် ရေနံတင်သင်္ဘောကြီးအများအပြား ကျောက်ချရပ်နားနေကြသည်။ ကမ္ဘာအရပ်ရပ်၌ ယင်းသို့ကျောက်ချရပ်နားထားသော ရေနံတင်သင်္ဘောအရေအတွက်မှာ ၈၅ စင်းမှ ၁၂၀ ထိမြင့်တက်လာသည်။ မှတ်တမ်းမှတ်ရာများအရ ရေနံတင်သင်္ဘောကြီးများပေါ်တွင် စည်များဖြင့် သိုလှောင်ထားသည့် ရေနံပမာဏမှာ သန်း ၇၀ ထက်မပိုခဲ့ဟု ဇူလိုင် ၂ ရက်က နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြသော ရေနံဆောင်းပါးတွင်ပါရှိလာသည်။

ပြည်တွင်းသို့ပြည်ပမှ ၂၀၁၁ နှစ်အတွင်း ဆီသင်္ဘော ၂၆၂ စင်းဖြင့် ဆီတန်ချိန် ၁၆၀၅၅၄၅ တန်တင်သွင်းမှုရှိရာမှ ၂၀၁၅ တွင် ဆီသင်္ဘော ၄၆၇ စင်းဖြင့် ဆီတန်ချိန် ၃၈၈၅၃၂၅ တန်တင်သွင်းမှုရှိသည်။ ၂၀၁၆ ခုနှစ် ဇွန် ၇ ရက်ထိ ဆီသင်္ဘော ၂၃၄ စင်းမှ ဆီတန်ချိန် ၂၂၀၈၈၃၃ တန်တင်သွင်းမှုရှိရာ ၂၀၁၆ ခုနှစ် လအနည်းငယ်အတွင်းတွင် ၂၀၁၁ တစ်နှစ်လုံးထက် ပြည်ပမှ စက်သုံးဆီတင်သွင်းမှု ပိုမိုနေသည်ဟု ဇူလိုင် ၁ ရက်ထုတ် အပတ်စဉ်ဂျာနယ်ပါ စီးပွားရေးသတင်းတစ်ပုဒ်တွင် ဖတ်ရှုရသည်။

ဒီဇယ်ဂါလန် ၅၀ ဝင် တစ်ပီပါလျှင် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျပ် ၈၅၀၀၀ ဝန်းကျင်ဖြင့်ဝယ်ယူသုံးစွဲရာမှ ဇွန်လကုန်တွင် ကျပ် ၁၁၅၀၀၀ ဝန်းကျင်ဖြင့်ဝယ်ယူရသည်ဟု ဆိုသည်။

အောက်တိန်း 92 တစ်လီတာလျှင် ၂၀၁၆ တွင် ရန်ကုန်မြို့တွင်းရောင်းဈေး အနိမ့်ဆုံး ကျပ် ၅၂၀ မှ ကျပ် ၅၇၀ သို့မြင့်တက်လာသော်လည်း ဒီဇယ်ဈေးနှုန်းမှာ အနိမ့်ဆုံး ကျပ် ၄၆၀ မှ ယခု ကျပ် ၅၇၀ သို့ မြင့်တက်လာသည်။ နိုင်ငံပိုင် စက်သုံးဆီဆိုင်တွင်မူ ယခုရက်ပိုင်းတွင် အဆင့်မြင့်ဓာတ်ဆီ 92 Ron တစ်ဂါလန် ကျပ် ၂၆၂၀ နှုန်းဖြင့် လွတ်လပ်စွာဝယ်ယူနိုင်သည်ဟု ကြေညာထားရာ တစ်လီတာလျှင် ၅၇၆ ကျပ်ဝန်းကျင်ရှိနေသည်ဟု ယာဉ်ပိုင်ရှင် ဦးမောင်ကျော်က ဆိုသည်။ ကမ္ဘာ့ရေနံဈေးနှုန်း စတင်ကျဆင်းလာမှုနှင့်အတူ ရန်ကုန်မြို့တွင်း စက်သုံးဆီရောင်းဈေးများ တစ်ပြေးညီကျဆင်းလာရန် မျှော်လင့်နေကြောင်း စက်သုံးဆီဝယ်ယူသုံးစွဲနေသူများက ဆိုသည်။ **(မောင်စေအောင်)**




# မြေငှားဂရန်ထုတ်ပေးနိုင်ရေးဆောင်ရွက်

**ဘီးလင်း ဇူလိုင် ၃**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ဘီးလင်းမြို့နယ် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့သည် ဇွန်လနောက်ဆုံးပတ်က အနိုင်းပွန်ကျေးရွာသို့သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အသိပညာပေးရှင်းလင်းခဲ့ကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာအတွင်းရှိ လမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကျေးရွာနယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း၊ ရွာဝင်းမြေပုံတိုင်းတာခြင်း၊ ကွက်စိတ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၆၀ ကို ရက် ၁၀၀ အတွင်း မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင် ဇူလိုင် ၃**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်/ စာရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ဇူလိုင် ၁ ရက်က ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘိုဘိုဦးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးများ၊ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဘိုဘိုဦး၊ ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ ရဲမှူးဝင်းအောင် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်စန်းစန်းမြင့်နှင့် ကော်မတီဝင်များက တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# ဂီတဖန်တီးမှုအသစ်များနှင့်အတူ ပရိသတ်ထံပြန်လည်ရောက်ရှိလာမည့် Crayon Pop

ကေပေါ့ပ်ဂီတလမ်းကြောင်းပေါ်သို့ ၂၀၁၂ ခုနှစ်မှစတင်ရောက်ရှိခဲ့ကာ အောင်မြင်မှုများ ရရှိခဲ့သည့် ဆယ်ကျော်သက် အမျိုးသမီး ပေါ့ပ်အဖွဲ့ Crayon Pop အနေဖြင့် တစ်နှစ်ခန့်အကြာ ဂီတလောကနှင့်အဆက်ပြတ်နေခဲ့ပြီး မကြာမီတွင် အသစ်အသစ်သော ဂီတဖန်တီးမှုများနှင့်အတူ ပရိသတ်များထံသို့ ပြန်လည်ရောက်ရှိလာတော့မည် ဖြစ်ကြောင်း သိရသည်။

Crayon PoP ကေပေါ့ပ်အဖွဲ့အနေဖြင့် လက်ရှိတွင် အယ်လ်ဘမ်သစ်အတွက် တေးသီချင်းဖန်တီးမှုများ ဆောင်ရွက်လျက်ရှိပြီး ယင်းအယ်လ်ဘမ်သစ်ကို လာမည့်ဩဂုတ်လအတွင်းတွင် ဖြန့်ချိနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ကိုရီးယားဂီတလောကသတင်းများတွင်ဖော်ပြထားကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် ယင်းအယ်လ်ဘမ်သစ်အတွက် ထူးခြားဆန်းသစ်မှုများနှင့် တင်ဆက်သွားနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကာ အဖွဲ့ဝင်များအနေဖြင့် ယင်းအယ်လ်ဘမ်အတွက် သီချင်းတိုက်ခြင်း၊ အမ်တီဗွီရိုက်ကူးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားအနုပညာလမ်းကြောင်းများဖြစ်သည့် ဒရမ်မာဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိနေကြကြောင်း သိရသည်။

Crayon Pop အဖွဲ့သည် ကိုရီးယားနိုင်ငံထက် ဂျပန်ပရိသတ်များ၏ လက်ခံအားပေးမှု ပိုမိုရရှိကာ ယခုနှစ်အစောပိုင်းက ထွက်ရှိခဲ့သည့်အယ်လ်ဘမ်အတွက် ဂီတဖျော်ဖြေပွဲများကို ဂျပန်နိုင်ငံရှိမြို့ကြီးသုံးမြို့တွင် ကျင်းပခဲ့သည်။

ကိုရီးယားနိုင်ငံ Mnet ရုပ်သံလိုင်း၏ M! Countdown ရုပ်သံအစီအစဉ်မှတစ်ဆင့် ဂီတလမ်းကြောင်းပေါ် ရောက်ရှိလာခဲ့သည့် Crayon Pop အဖွဲ့သည် ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက ၎င်းတို့အဖွဲ့၏ ပထမဆုံးသော အယ်လ်ဘမ်ထွက်ရှိခဲ့သော်လည်း ဈေးကွက်ပိုင်းဆိုင်ရာ အောင်မြင်မှုနည်းပါးခဲ့ပြီး ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် အယ်လ်ဘမ်တွင်မှသာ Billboard ၏ K-Pop Hot ၁၀၀ တွင် ထိပ်တန်းမှ အောင်မြင်မှုရရှိခဲ့သည့် အဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။

# ဝင်ရောက်ကြည့်ရှုသူသန်း ၅၀ ကျော်ခဲ့သည့် Twice ၏ Cheer Up

Rookie idol အဖွဲ့ Twice ၏ ယခုနှစ် ဧပြီလအတွင်းက ထွက်ရှိခဲ့သည့် Cheer Up သီချင်းသည် ယခုအခါယူကျုတွင် ကြည့်ရှုသူ သန်း ၅၀ ကျော်ရှိခဲ့ကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။


ယင်းသီချင်းသည် Twice အဖွဲ့၏ ဒုတိယမြောက်မီနီအယ်လ်ဘမ်၏ title သီချင်းဖြစ်ကာ ဧပြီ ၂၅ ရက်တွင် ထွက်ရှိခဲ့ကာ ထွက်ရှိပြီးနှစ်ရက်အတွင်း ယူကျု၌ ကြည့်ရှုသူ ငါးသန်းကျော်နှင့် ငါးရက်အတွင်း ဆယ်သန်းကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

Twice အဖွဲ့ကို အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက The Story Begins အယ်လ်ဘမ်ဖြင့် ဂီတလောကကို စတင်ဝင်ရောက်ခဲ့ခြင်းလည်းဖြစ်သည်။

ဟစ်ဟော့၊ ရော့ခ်နှင့် R&B သီချင်းများ ပါဝင်သည့် The Story Begins အယ်လ်ဘမ်သည်လည်း ထွက်ရှိပြီးမကြာခင်မှာပင် ယခုကဲ့သို့ပင် အွန်လိုင်းတွင် အောင်မြင်မှုများ ရရှိခဲ့ပြီး ကေပေါ့ပ်တေးသီချင်းဗီဒီယိုလောကတွင် အအောင်မြင်ဆုံးအဖွဲ့အဖြစ် ဂုဏ်ပြုခံရသည့်အဖွဲ့လည်းဖြစ်သည်။




မျိုးစန္ဒာမောင် - စုစည်းသည်




# သိပ္ပံအက်ရှင်ဇာတ်ကားသစ် Independence Day:Resurgence

Independence Day:Resurgence ဇာတ်ကားသည် ၁၉၉၆ ခုနှစ်က ထွက်ရှိခဲ့သည့် Independence Day ဇာတ်ကား၏ ပထမဆုံးသောနောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ယခုဇာတ်ကားသစ်တွင် ထူးခြားဆန်းကြယ်သော ပြကွင်းပြကွက်များနှင့်အတူ ဂြိုဟ်သားများနှင့် လူသားတို့အကြား ဖြစ်ပျက်သမျှအကြောင်းအရာများကို တင်ဆက်ပြသထားခြင်းကြောင့် သိပ္ပံဇာတ်ကားပရိသတ်များ သဘောကျနှစ်သက်စေမည့် ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

ယင်းဇာတ်ကားသစ်တွင် ဂြိုဟ်သားများသည် လူသားကမ္ဘာကို တိုက်ခိုက်ပြီး ရှုံးနိမ့်ခဲ့သဖြင့် အခဲမကျေဘဲ တစ်ချိန်ချိန်တွင် လူသားကမ္ဘာသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း လူသားများက ကြိုတင်သိရှိနေခဲ့သည်။ ထိုအခါ ဂြိုဟ်သားများသည် နည်းပညာမြင့်မားပြီး ခေတ်မီလွန်းလှသည့် လက်နက်ပစ္စည်းများနှင့် အင်အားများကိုစုစည်းပြီး လူသားကမ္ဘာသို့ ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်လာပြန်ပါတော့သည်။

လူသားများအနေဖြင့်လည်း ရှိသမျှအင်အားအကုန်စုပြီးခုခံသော်လည်း ဂြိုဟ်သားများ၏ ခေတ်မီလက်နက်များနှင့် မထင်မှတ်ထားသည့် အင်အားကြောင့် အရေးနိမ့်ခဲ့ရပါတယ်။

ထို့ကြောင့် လူသားများ၏ကံကြမ္မာသည် ပင်ကိုအရည်အချင်းထူးချွန်ပြီး ရဲစွမ်းသတ္တိရှိသည့်အမျိုးသား၊ အမျိုးသမီးအချို့အပေါ်တွင် တည်မှီနေပြီး လူသားမျိုးနွယ်တစ်ခုလုံး ပျက်သုဉ်းပျောက်ဆုံးမည့်ဘေးမှ အပြင်းအထန်ကြိုးစားရင်ဆိုင်ကာကွယ်ကြပုံကို ရိုက်ကူးတင်ဆက်ထားသည့် သိပ္ပံအက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် ဩစတြေးလျမင်းသား Liam Hemsworth က ခေါင်းဆောင်ပါဝင်ထားပြီး ယင်းဇာတ်ကားသည် ယခုလက်ရှိတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၅ သန်းကျော် ရရှိနေပြီဖြစ်ကြောင်းသိရသည်။

Independence Day:Resurgence ဇာတ်ကားကို မြန်မာနိုင်ငံတွင်လည်း ဇူလိုင် ၁ ရက်မှစတင်ကာ ရုံတင်ပြသလျက်ရှိကြောင်းသိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၄-၇-၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ -အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ကာတွန်းအစီအစဉ် "Incredible" (အပိုင်း-၁)
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း- ၃၂)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . . စေလိုရာစေ" (အပိုင်း- ၁၂)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ ပြည်သူ့နီတိ "မြေ"
- ၉း၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၄၀ အုန်းခွံအနုပညာရှင်
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "နွေမုန်းလူ"
- ၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၄၀ "အချိန်နှင့် ကြိုးစားမြတ်တရား" တရားတော်(ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
- ၇း၅၀ ရှေးဘုရားကြီးများကိုဖူးမြော် ကြည်ညိုစုံလင်ရခိုင်ပြည်နယ် တစ်ခွင်(အပိုင်း-၃)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ် (မြိတ်မောင်တိတ်)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၃း၅၅ "သက်တံရောင်အားမာန်သစ်" အပြည်ပြည်ဆိုင်ရာ သမဝါယမ နေ့ ဂုဏ်ပြုဇာတ်လမ်း) (အပိုင်း-၃)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၁၂)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၅၈)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၀ Drive It
- ၈း၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၉)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၂၉)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၄၅ World of Knowledge (Secret Military Report: Churchill German Army)

### မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ" (၁၉၄၇ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့ မြို့တော်ခန်းမ၌ ပြောကြားခဲ့သည့် မိန့်ခွန်း)
- ၁၀း၃၅ The Farmer
- ၁၁း၁၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၅၅ 19th South East Asian Jun-ior Men's Volleyball Champion-ship တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(မြန်မာအသင်းနှင့် ထိုင်းအသင်း)
- ၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၇)
- ၂း၂၅ "တုနှိုင်းမရ"
- ၂း၄၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ) (အပိုင်း-၁၆၁)
- ၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၃း၅၅ 19th South East Asian Jun-ior Men's Volleyball Champion -ship တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း)
- ၅း၃၅ Yes or No Talk Show (Perso-nal Development or Society Development) (အပိုင်း-၂)
- ၆း၃၅ ဥပဒေရေးရာအဖြာဖြာ "အာဟာရ" (ညီဂျော်၊ ရဲဦး၊ ဒိတ်ဒိတ်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၅၄)
- ၉း၀၀ ပြည်တွင်းသတင်း
  - - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၈)
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၁၁)
  - -"နေမဝင်အလှများ" (မောင်ယဉ်ထွေးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)

# လီယွန်နယ်မက်ဆီထက် နေမာ ဝင်ငွေပိုရမည်

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး မက်ဆီသည် လက်ရှိတွင် လုပ်ခလစာ ယူရို ၂၂ သန်း ရရှိလျက်ရှိပြီး တိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့မည်ဆိုပါက လုပ်ခလစာ ယူရို ၂၅ သန်းရရှိမည်ဖြစ်သောကြောင့် မက်ဆီထက် နေမာက ဝင်ငွေပိုရရှိမည်ဖြစ်ကြောင်း မာကာသတင်းဌာနက သတင်းဖော်ပြသည်။

ဘရာဇီးတိုက်စစ်မှူး နေမာသည် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ ခေါ်ယူရန်ပစ်မှတ်ထားခြင်းကို ခံထားရသည့်ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ပါက မက်ဆီ၏ ကမ္ဘာ့စံချိန်တင်လစာ ယူရို ၂၂ သန်းကို ကျော်လွန်ကာ အခွန်ပေးဆောင်အပြီး တစ်နှစ် ယူရို ၂၅ သန်းအထိ ရရှိမည်ဖြစ်ကြောင်းလည်း စပိန်နေ့စဉ်သတင်းစာမာကာက အခိုင်အမာ ရေးသားဖော်ပြခဲ့သည်။ **(ငွေကြယ်)**





# အဓိကပြိုင်ပွဲခြောက်ခုဆက်တိုက် ဆီမီးတက်သည့်ပထမဆုံးအသင်း ဂျာမနီဖြစ်လာ

ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီအသင်းသည် ယူရို ၂၀၁၆ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းနိုင်ခဲ့သည်။

ဂျာမနီအသင်းသည် ယခုတစ်ကြိမ်ဆီမီးဖိုင်နယ်တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် အဓိကပြိုင်ပွဲကြီးခြောက်ခုဆက်တိုက် ဆီမီးဖိုင်နယ်အဆင့်တက်နိုင်ခဲ့သည့် ပထမဆုံးအသင်းလည်း ဖြစ်လာခဲ့သည်။

ဂျာမနီအသင်းသည် အီတလီအသင်းနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရသည်။ သို့ရာတွင် ပြိုင်ပွဲ၏ရလဒ်ပိုင်းသည် ပြောင်းလဲမသွားခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် အီတလီအသင်းသည် ဇာဇာ၊ ပယ်လီ၊ ဘိုနျူစီနှင့် ဒါမီယန်တို့၏ သွင်းဂိုးများသည် လွဲခဲ့ရပြီး ဂျာမနီအသင်းသည်လည်း သောမက်မူလာ၊ အိုဇေးလ်နှင့် ရှဝိန်းစတိုင်ဂါတို့၏ သွင်းဂိုးများလွဲခဲ့ရသည်။

ထို့ကြောင့် ဂျာမနီအသင်းက အီတလီအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ ဂျာမနီအသင်းနှင့် အီတလီအသင်းတို့သည် ယူရို ၂၀၁၂ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အီတလီအသင်းက ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဂျာမနီအသင်းအတွက် ယခုနိုင်ပွဲသည် ယူရို ၂၀၁၂ ရှုံးကြွေးပြန်ဆပ်သည့်ပွဲစဉ်လည်း ဖြစ်လာခဲ့သည်။ ဂျာမနီအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့် အိုက်စလန်အသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

**(အလင်းသစ်)**

# အီဘရာဟီမိုဗစ်ချ် မန်ယူသို့ ရောက်ရှိလာခဲ့ပြီးနောက် ဆွာရတ်ဇ်နှင့် တိုနီခရုစ်အား ခေါ်ယူရန် ဂွါဒီယိုလာ ဆန္ဒရှိနေ

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ရီးယဲလ်မက်ဒရစ်အသင်း၏ ကွင်းလယ်ကစားသမား တိုနီခရုစ်နှင့် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဆွာရတ်ဇ်တို့ကို ယခုအပြောင်းအရွှေ့ကာလအတွင်း အီတီဟတ်ဒ်အရောက် ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

မြို့ခံပြိုင်ဘက်မန်ယူအသင်းက ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ပြီးနောက် မန်စီးတီးအသင်းသည် နာမည်ကြီးကစားသမားတစ်ဦးကို ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား တိုနီခရုစ်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် နည်းပြဂွါဒီယိုလာလက်ထက်တွင် ကစားခဲ့ဖူးသည့် ကစားသမားတစ်ဦးဖြစ်ပြီး စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိတွင် မန်စီးတီးအသင်းအနေဖြင့် တိုနီခရုစ်အား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၆၃ သန်းကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်ကိုလည်း စိတ်ဝင်စားလျက်ရှိရာ တိုက်စစ်မှူး ဆွာရတ်ဇ်ကိုခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းအထိ ကုန်ကျမည်ဖြစ်သည်။ သို့ရာတွင် မန်စီးတီးအသင်းအတွက် တိုက်စစ်ကစားသမားကောင်းတစ်ဦးကို ခေါ်ယူနိုင်ရန်မှာမူ အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြထားသည်။

**(အလင်းသစ်)**






# လာမည့်နွေရာသီမတိုင်မီ အသင်းမှထွက်ခွာရန်မရှိဟု ဝင်းဂါးဆို

အသက်(၆၆)နှစ်အရွယ်ရှိ နည်းပြ အာစင်ဝင်းဂါးသည် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ထွက်ခွာသွားပြီးနောက် အင်္ဂလန်အသင်းနည်းပြသစ်ဖြစ်လာရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း အာစင်ဝင်းဂါးကမူ လက်ရှိအာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သည် လာမည့်နွေရာသီရောက်မှ ကုန်ဆုံးမည်ဖြစ်သောကြောင့် လာမည့်နွေရာသီမတိုင်မီ အသင်းမှထွက်ခွာရန်အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တွင် အိုက်စလန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသည့်အပြင် နည်းပြတစ်ဦးကိုပါလက်လွှတ်ဆုံးရှုံးလိုက်ရသည်။ ထို့ကြောင့် နည်းပြသစ်အတွက် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကို ပစ်မှတ်ထားခဲ့သော်လည်း အာစင်ဝင်းဂါးက ငြင်းဆိုခဲ့သည့်အပြင် အာဆင်နယ်အသင်းနှင့် လက်ရှိချုပ်ဆိုထားသည့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့လျှင်တောင်မှ စာချုပ်သစ်ထပ်တိုးချုပ်ဆိုမည်ဟု ဆိုခဲ့သည်။

အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းနှင့် စာချုပ်သည် ၂၀၁၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ သို့ရာတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့ပြီး အင်္ဂလန်အသင်းနည်းပြတာဝန်ထမ်းဆောင်ရန်အတွက် မည်သည့်နည်းပြမဆို ကောင်းမွန်သော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းလည်း အာစင်ဝင်းဂါးကပြောကြားခဲ့သည်။

နည်းပြရွိုင်းဟော့ဂ်ဆန် အင်္ဂလန်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီးနောက် အင်္ဂလန် အသက်(၂၁)နှစ်အောက်နည်းပြ ဆော့ဂိတ်သည် နည်းပြသစ်ဖြစ်လာရန်ရေပန်းစားနေခဲ့သော်လည်း အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြတာဝန်မယူလိုကြောင်း ဆော့ဂိတ်က ပြောကြားခဲ့သည်။ထို့ကြောင့် လက်ရှိတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဂလန်းဟိုဒယ်ကို အင်္ဂလန်အသင်းနည်းပြတာဝန်ပြန်လည်ထမ်းဆောင်စေမည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ **(ငွေကြယ်)**

# အထပ်မြင့်အိမ်ရာစီမံကိန်းများရပ်ဆိုင်းထားခြင်းကြောင့် ဝန်ထမ်းနှင့်အလုပ်သမားများ လျှော့ချနေရပြီဖြစ်

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြို့တော်အတွင်း အထပ်မြင့်အိမ်ရာစီမံကိန်းများ ရပ်ဆိုင်းထားရခြင်းကြောင့် ဝန်ထမ်းနှင့်အလုပ်သမားများအား လျှော့ချနေရပြီဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ပြီးခဲ့သည့် မေ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့တော်၏ အထပ်မြင့်အိမ်ရာစီမံကိန်းများ ရပ်ဆိုင်းခဲ့ရသည်မှာ နှစ်လပြည့်တော့မည်ဖြစ်ကြောင်း၊ ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ပြန်စရန် သေချာသောအဖြေများ မရှိသောကြောင့် ၎င်းတို့၏ ဝန်ထမ်းများကို တစ်လကြိုတင် Notice ပေးလိုက်ရကာ အလုပ်ပြောင်းရှာခိုင်းနေရပြီဖြစ်ကြောင်း၊ ဘဏ်အတိုးများရှိနေသောကြောင့် ၎င်းတို့၏ကုမ္ပဏီများကို ရပ်တည်နိုင်ရန်အတွက် ကြိုးစားကြရတော့မည်ဖြစ်ကြောင်း၊ စီမံကိန်းများရပ်ဆိုင်းခံထားရသော်လည်း အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် အလုပ်သမားများမှာ ဆောက်လုပ်ရေးမှလွဲပြီး အခြားအလုပ်များကို မလုပ်ကိုင်တတ်သောကြောင့် ၎င်းတို့၏အလုပ်အကိုင်အခွင့်အလမ်းများအတွက် စိုးရိမ်စရာရှိနေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။



ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "ကျွန်တော်ဆို ကျွန်တော့်ဝန်ထမ်းတွေကို တစ်လကြိုတင် Notice ပေးလိုက်ပြီး အလုပ်ပြောင်း ရှာခိုင်းလိုက်ပါတယ်။ ကျွန်တော့်ကုမ္ပဏီမှာ ဝန်ထမ်း ၇၀ ရှိပြီး သူတို့အတွက် လုပ်ခလစာပေးရတာက တစ်လကို ငွေကျပ် သိန်း ၅၀၀ အထက်ရှိပါတယ်။ နိုင်ငံခြားသားပညာရှင်များကိုပါ လစာပေးနေရတော့ တစ်လကို ငွေကျပ် သိန်းပေါင်း တစ်ထောင်ကျော်ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တောင့်မခံနိုင်တော့လို့ ခုဆို ဝန်ထမ်းတွေကို လျှော့ချနေရပါပြီ။ အကြာကြီး လက်တွဲလုပ်ကိုင်လာကြတဲ့ ဝန်ထမ်းတွေကိုလျှော့ချရတာတော့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် လုပ်ငန်းပြန်စရင် သူတို့ကိုပဲပြန်ခေါ်မှာပါ။ အစိုးရအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ်ဆိုတာထက် ဒီဆောက်လုပ်ရေးလုပ်ငန်းက ဝန်ထမ်းတွေ၊ အလုပ်သမားတွေရဲ့ အခက်အခဲကြုံတွေ့နေကြရမှုတွေကို ကူညီပေးစေလိုပါတယ်။ အစိုးရအနေနဲ့လည်း လမ်း၊ ရေ၊ မီးပေးရတာ မလုံလောက်ဘူးလို့ဆိုထားပါတယ်။ နိုင်ငံတကာမှာဆိုရင် အစိုးရကလည်း အစိုးရအပိုင်းဖြစ်တဲ့ လမ်း၊ ရေနဲ့ မီးတို့ကို လုပ်ဆောင်လျက်ရှိပြီး ပုဂ္ဂလိကကလည်း ဆောက်လုပ်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း တည်ဆောက်နေတာပါ။ တစ်ခုပြီးမှတစ်ခု ဖော်ဆောင်မယ်ဆိုရင်တော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှောင့်နှေးနေပါလိမ့်မယ်။ ဒါကြောင့် လုပ်ငန်းအားလုံးကို တစ်ပြိုင်တည်းလုပ်ဆောင်သွားမှ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်လာနိုင်စရာအကြောင်းရှိပါတယ်" ဟုပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒအသစ်ရေးဆွဲမည်ဆိုပါက မူဝါဒအဆင့်မဟုတ်ဘဲ ဥပဒေတစ်ရပ်အဆင့်ဖြစ်သင့်ကြောင်း၊ မူဝါဒဆိုပါက အုပ်ချုပ်သူပြောင်းလျှင် ပြောင်းနိုင်သည့်အတွက် ခိုင်မာသည့်ဥပဒေတစ်ရပ်ဖြစ်သင့်ကြောင်း၊ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီးနောက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးချိန်နှင့်ဆိုလျှင် အနည်းဆုံး ငါးနှစ်မှ ရှစ်နှစ်ထိ ကြာမြင့်ကြောင်း၊ ထိုအခါ အစိုးရပြောင်း၍ မူဝါဒများပြောင်းလဲလျှင် လုပ်ငန်းရှင်များအတွက် အခက်အခဲများ ကြုံတွေ့နိုင်သောကြောင့် ခိုင်မာသည့်ဥပဒေတစ်ရပ်အဆင့်အဖြစ်သာ ရှိသင့်ကြောင်းနှင့် လက်ရှိအနေအထားအရ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းကြောင့် ဆောက်လုပ်ရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းများအားလုံးထိခိုက်နေကြောင်း၊ လက်ရှိ ရန်ကုန်မြို့၌ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေသည့် ဆောက်လုပ်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းမှာ လူငယ်လုပ်ငန်းရှင်မျက်နှာသစ်များသာဖြစ်ကြောင်းနှင့် အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း အပါအဝင် ဆက်စပ်လုပ်ငန်းများမှ အလုပ်သမားဦးရေမှာ သန်းချီရှိနေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသိုက်အဝိုင်းမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ အထပ်မြင့်အိမ်ရာစီမံကိန်း တစ်ခုဆောက်လုပ်ရဖို့ဆိုတာ မလွယ်ကူလှပါဘူး။ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိဖို့အတွက် သုံးနှစ်နီးပါးထိစောင့်ဆိုင်းရတာပါ။ ရေဆိုးစနစ်ဆိုရင်လည်း ရေသန့်နီးပါးပြန်လည်သန့်စင်ပြီး စွန့်ပစ်ရပါတယ်။ ဆိုလိုချင်တာကတော့ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ကို ယခင်မူဝါဒအတိုင်း ပြန်လည်စစ်ဆေးသင့်ပါတယ်။ လုပ်ငန်းရပ်ဆိုင်းပြီး စစ်ဆေးမှုမဟုတ်ဘဲ အမြန်ဆုံးပြန်လည်ခွင့်ပြုပြီး စစ်ဆေးသင့်စေလိုပါတယ်။ ဖြစ်သင့်တာကတော့ နည်းပညာအရည်အသွေးတွေကို အစိုးရက ကြီးကြပ်သင့်ပါတယ်။ ဆောက်လုပ်တဲ့ လုပ်ငန်းရှင်များအနေနဲ့ အများပြည်သူသုံးနေရာ၊ ပန်းခြံလိုနေရာမျိုးဆောက်လျှင် အရေးယူပါ။ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတကာနဲ့ ငွေကြေး နည်းပညာများကို ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက်ကြောင့် အစိုးရအနေနဲ့ လုပ်ငန်းရှင်တွေကို အားပေးအားမြှောက်လုပ်ဖို့ လိုပါတယ်"ဟု အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်းသန်းပေါင်းများစွာရင်းနှီးခဲ့ရပြီး ထိုငွေကြေးများတွင် ဘဏ်ချေးငွေများနှင့် ကြိုပွိုင့်ရောင်းချခြင်းများ၊ ကုမ္ပဏီပိုင်ငွေကြေးများပါဝင်ကြောင်း၊ မြေရှင်များ၊ ကြိုပွိုင့်ဝယ်ယူထားကြသူများနှင့် စာချုပ်စာတမ်းများဆောင်ရွက်ထားရခြင်းကြောင့် နောင်အခါ ဖြေရှင်း၍မရနိုင်သော ပြဿနာရပ်များဖြစ်လာနိုင်ကြောင်းနှင့် အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခြင်းကြောင့် အနာဂတ်ကာလအတွင်း နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထိခိုက်စေနိုင်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

**(သတင်းနှင့်ဓာတ်ပုံ - ပွင့်သစ္စာ)**



# လေဆင်နှာမောင်းတိုက်ခတ်၍ အိုးအိမ်ပျက်စီး

**ညောင်လေးပင် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျို့ပင်ကျေးရွာအုပ်စု သိမ်ဂံကျေးရွာအနောက်ဖျားကို ဇူလိုင် ၂ ရက် ည ၁၂ နာရီက လေဆင်နှာမောင်းတိုက်ခတ်သွားကြောင်း သိရသည်။

ယင်းလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လယ်ကွင်းပြင်မှ တဲနှစ်လုံးပြိုကျပြီး တဲသုံးလုံးမှာ အမိုးနှင့် ထရံတို့ပျက်စီးခဲ့သည်။ လေတိုက်ရာလမ်းကြောင်းရှိ သစ်ပင်များ အမြစ်လန်၍ ကိုင်းများကျိုးပဲ့ခဲ့သည်။ ရွာအနောက်ဖျားမှ လူနေအိမ် လေးလုံးမှာ သွပ်များပျက်စီးပြီး ထရံကာ၊ သက်ငယ်မိုး ဝါးအိမ်တစ်လုံးမှာ သစ်ပင်ပိ၍ပျက်စီးခဲ့သည်။ လူ၊ ကျွဲ၊ နွား သေဆုံးထိခိုက်မှုမရှိဘဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ မိုးကာစများဖြင့် အမိုးမိုးခြင်း၊ ကာခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူဆယ်၌ ဆိုင်ကယ်နှင့် ခြောက်ဘီးမြေသယ်ယာဉ်တိုက်မိ၍ နှစ်ဦးသေဆုံး

**မူဆယ် ဇူလိုင် ၃**

မူဆယ်မြို့ပတ်ကမ်းနားလမ်းနှင့် တော်ရွက်ရွာလမ်းဆုံတွင် ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဦးသာဒင် မောင်းနှင်ပြီး နိုင်ထူးမောင် နောက်မှလိုက်ပါစီးနင်းလာသော FEASTER-125 ဆိုင်ကယ်သည် တော်ရွက်ရွာဘက်မှ ဟိုဆောင်ရွာဘက်သို့သွားနေစဉ် မျက်နှာချင်းဆိုင်မှ အရှိန်ဖြင့် မောင်းနှင်လာသည့် တရုတ်နိုင်ငံလုပ် တုန်ဖုန်(ခေါင်းတို)အမျိုးအစား ခြောက်ဘီးမြေသယ်ယာဉ်နှင့် တိုက်မိရာ ဦးသာဒင်နှင့် နိုင်ထူးမောင်တို့နှစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တာဝန်မှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဦးသာဒင်သည် ယာဘက်ချိုစောင်း ကွဲသည့်ဒဏ်ရာကြောင့် နှာခေါင်းနှင့် ပါးစပ်မှ သွေးများထွက်ကာ သေဆုံးရခြင်းဖြစ်ပြီး နိုင်ထူးမောင်မှာ ဦးခေါင်းငယ်ထိပ်ကွဲ၍ အခြားပေါက်ပြဲ ဒဏ်ရာများကြောင့် သေဆုံးရသည်ဟု သိရသည်။

ဆိုင်ကယ်တိုက်၍ လူနှစ်ဦးသေစေအောင် ယာဉ်မဆင်မခြင်မောင်းနှင်သည့် ခြောက်ဘီးမြေသယ်ယာဉ် ယာဉ်မောင်း(အမည်နှင့်နေရပ်လိပ်စာစုံစမ်းဆဲ)သည် ယာဉ်မောင်းနှင်ထွက်ပြေးသဖြင့် ၎င်းကိုဖမ်းမိရေး ဆောင်ရွက်လျက်ရှိပြီး မူဆယ်မြို့မရဲစခန်းက ယာဉ်(ပ)၂၁/၁၆ ရာဇသတ်ကြီးပုဒ်မ ၂၇၉/၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၀၁၁၂)**

◆

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက်က ဖားကန့်မြို့နယ် နန့်မော်ကျေးရွာ အဲဗားဝင်းနားကုမ္ပဏီ မြေစာပုံလမ်းမပေါ်တွင် ဆိုင်ကယ်စီးနင်းလာသူ ဘရန်နန်အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၇၅ ခွက်(အလေးချိန် ၇၈၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၆၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်-နမ့်စန်သွားကားလမ်းတွင် လွိုင်လင်မှ နမ့်စန်မြို့ဘက်သို့ ဗညားအောင် မောင်းနှင်လာသော ယာဉ်အမှတ် 9B/----TOYOTA LEXUS ယာဉ်ကိုရှာဖွေရာ ICE ခုနစ်ထုပ်(အလေးချိန် ၆ ဒသမ ၉ ကီလို)နှင့် ယာဉ်တစ်စီးကို လည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုး-မန္တလေးကားလမ်း ကွန်ပျူတာတက္ကသိုလ်ရှေ့တွင် ကွတ်ခိုင်မြို့မှ ကျောက်မဲမြို့သို့ အလေးဖာ မောင်းနှင်ပြီး ချော်ဖူး လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ဘရန်နန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)



(တက္ကသိုလ်
ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၆)

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများ အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မလဲဆိုတာကို မြန်မာနိုင်ငံအနေနဲ့လည်း စနစ်တကျလေ့လာသုံးသပ်မှုတွေ ပြုလုပ်သွားသင့်ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံမှာ အလုပ်သမားခစျေးနှုန်းတွေ မြင့်မားလာတဲ့အတွက် လုပ်အားအခြေပြု စက်မှုလုပ်ငန်းတွေဟာ လုပ်အားခစျေးနှုန်းသက်သာတဲ့နိုင်ငံတွေဆီ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံတွေဆီကို ပြောင်းရွှေ့နေကြပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ အခုလို အများအပြား ပြောင်းရွှေ့နေကြတာကို တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက “စက်မှုလုပ်ငန်းများ အကြီးအကျယ်ပြောင်းရွှေ့မှု” တစ်ရပ်လို့ တောင် ခေါ်ဝေါ်ခဲ့ပါတယ်။ ဒီလိုပြောင်းရွှေ့မှုတွေဟာ ရေရှည်မှာ ဆက်လက်ဖြစ်ပေါ်နေမယ့် အနေအထားမှာလည်း ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုလို အခါအခွင့်နဲ့ ကြုံနေခိုက်မှာ နိုင်ငံတွင်းစက်မှုလုပ်ငန်းတွေ ပိုမိုဝင်ရောက်လာစေဖို့ အားထုတ်ကြိုးပမ်းခြင်းဖြင့် နိုင်ငံတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဖော်ထုတ်ပေးနိုင်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု စတဲ့အကျိုးအမြတ်တွေ ရရှိလာမှာဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံကိန်းဟာ အခုအချိန်မှာ ကနဦးအဆင့်လောက်မှာပဲရှိသေးပြီး အကောင်အထည်ဖော်မှုတွေ အရှိန်ရလာခဲ့ရင် တရုတ်နိုင်ငံက စက်မှုလုပ်ငန်းတွေဟာ ပြည်ပနိုင်ငံတွေထက် ပြည်တွင်းမှာ လည်းဖြစ်မယ့်၊ လုပ်အားခလည်းသက်သာမယ့် နိုင်ငံအလယ်ပိုင်းနဲ့ အနောက်ပိုင်းဒေသတွေဆီ ပိုမိုပြောင်းရွှေ့လုပ်ကိုင်လာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အခုလိုအခြေအနေကောင်းတွေ ရရှိနေတဲ့ အချိန်မှာ ကိုယ့်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာစေဖို့ အလေးပေးဆောင်ရွက်သွားသင့်ပါတယ်။

> မြန်မာနိုင်ငံအနေနဲ့ အခုလို အခါအခွင့်နဲ့ ကြုံနေခိုက်မှာနိုင်ငံတွင်းစက်မှုလုပ်ငန်းတွေ ပိုမိုဝင်ရောက်လာစေဖို့ အားထုတ်ကြိုးပမ်းခြင်းဖြင့် နိုင်ငံတွင်းမှာအလုပ်အကိုင် အခွင့်အလမ်းသစ်တွေဖော်ထုတ်ပေးနိုင်မှု၊ နည်းပညာ လွှဲပြောင်းရရှိမှု စတဲ့အကျိုးအမြတ်တွေ ရရှိလာမှာ ဖြစ်ပါတယ်...

၂၀၁၃ ခုနှစ် မတ်လမှာ ရှီကျင့်ဖျင်ဟာ သမ္မတတာဝန်တွေကို စတင်ထမ်းဆောင်ခဲ့ပြီးနောက် တရုတ်လူမျိုးများရဲ့ စိတ်ကူးမျှော်မှန်းချက် (China Dream) ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီမျှော်မှန်းချက်အရ တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးကြွယ်ဝတဲ့၊ အင်အားတောင့်တင်းတဲ့၊ ယဉ်ကျေးမှုအရ ခေတ်မီတိုးတက်တဲ့၊ သဟဇာတမျှတတဲ့ နိုင်ငံတစ်ရပ်အဖြစ် အရေးပါအရာရောက်မှုနဲ့ ဩဇာလွှမ်းမိုးမှုရှိခဲ့တဲ့ ၁၉-ရာစုမတိုင်မီခေတ်ကာလများအတိုင်း သစ်လွင်တက်ကြွတဲ့ နိုင်ငံတော်တစ်ရပ် ပြန်လည်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ဒီစိတ်ကူး မျှော်မှန်းချက် အောင်မြင်မှုရရှိရေးအတွက် အာရှနဲ့ ဥရောပယဉ်ကျေးမှုတွေအကြား ဆက်စပ်ပေးခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်က ကုန်သွယ်ရေးပိုးလမ်းမကြီး ပြန်လည်ဖော်ထုတ်ရေးဟာ အရေးပါတဲ့ နေရာက ပါဝင်နေပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ ရေရှည်ကာလမှာသာ အကျိုးအမြတ်တွေ ရရှိခံစားရမယ့် မဟာဗျူဟာတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း တရုတ်ကွန်မြူနစ်ပါတီ တည်ထောင်မှု နှစ် ၁၀၀ ပြည့်မြောက်မယ့် ၂၀၂၀ ပြည့်နှစ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်မှုနှစ် ၁၀၀ ပြည့်မြောက်မယ့် ၂၀၄၉ ခုနှစ်တွေမှာ တိုင်းပြည်ဟာ အသင့်အတင့်ချမ်းသာကြွယ်ဝမှုရှိတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် (Moderately prosperous society) ဖြစ်လာရမယ်လို့ တရုတ်အစိုးရက ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ အောင်မြင်မှုရရှိရေးအတွက် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ တရုတ်ပြည်သူတွေဟာ သင့်တင့် လျောက်ပတ်တဲ့ ကြွယ်ဝမှုကိုရရှိခံစားနေရကြောင်းကို တရုတ်ခေါင်းဆောင်တွေက ဒီကာလတွေမှာ သက်သေပြနိုင်ဖို့ ကြိုးပမ်းကြမှာလည်း ဖြစ်ပါတယ်။

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်တည်ထောင်ခဲ့ပြီးနောက် အခုအချိန်အထိ နိုင်ငံတွင်းမှာ ခေါင်းဆောင်မျိုးဆက် ငါးဆက်အထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီခေါင်းဆောင်မျိုးဆက်တိုင်းဟာ သူတို့တာဝန်ယူခဲ့တဲ့ ကာလတွေမှာ အထင်ကရ ဖြစ်စေမယ့် ဆောင်ရွက်ချက်တွေကို တိုင်းပြည်အတွက် ချန်ထားခဲ့ကြတာကို တွေ့မြင်ရပါတယ်။ ပထမမျိုးဆက်ဖြစ်တဲ့ မော်စီတုန်းဟာ သူအုပ်ချုပ်ခဲ့တဲ့ကာလမှာ အမှားအယွင်းအချို့ ရှိခဲ့ပေမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ဖို့ အဓိကနေရာက ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်လို့ တိုင်းပြည်တည်ထောင်သူအဖြစ် လက်ခံထားကြပါတယ်။ ဒုတိယမျိုးဆက်ဖြစ်တဲ့ တိန့်ရှောင်ဖိန် လက်ထက်မှာ ကွန်မြူနစ်တရုတ်နိုင်ငံကို စီးပွားရေးအရ တံခါးဖွင့်မူဝါဒကို ဖော်ဆောင်ပေးခဲ့ပြီး အဲဒီမူဝါဒအရ သူ့ရဲ့ နိုင်ငံတောင်ပိုင်းခရီးစဉ်ဟာ အခုအချိန်မှာ စီးပွားရေးအရ ရှေ့တန်းမှာ မားမားမတ်မတ် ရောက်ရှိနေကြတဲ့ ကွမ်တုန်းပြည်နယ်အတွင်းက ရှန်းကျန့်မြို့၊ ကွမ်ကျိုးမြို့တို့ကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။ တတိယမျိုးဆက်ခေါင်းဆောင်ဖြစ်တဲ့ သမ္မတကျန်ဇီမင်းလက်ထက်မှာတော့ ရှန်ဟိုင်းမြို့ ပူဒုန်ဒေသကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် ရှန်ဟိုင်းမြို့ဟာ ကုန်သွယ်မှုအရရော၊ ငွေကြေးစျေးကွက်အရပါ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိနေတဲ့ မြို့ကြီးအဖြစ်ရောက်ရှိနေပြီဖြစ်ပါတယ်။ စတုတ္ထမျိုးဆက်ခေါင်းဆောင်ဖြစ်တဲ့ ဟူကျင်ထောင်း လက်ထက်မှာတော့ တီယန်ကျင်းမြို့ကို အထူးစီးပွားရေးဇုန်အဖြစ် ဖော်ဆောင်ပေးခဲ့ရာမှာ အခုဆိုရင် တီယန်ကျင်းမြို့ဟာ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ အခုလက်ရှိ တရုတ်နိုင်ငံက အဆိုပြုပြီး အကောင်အထည်ဖော်နေတဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု စီးပွားရေးမဟာဗျူဟာကတော့ မျှော်မှန်းမထားတဲ့ အခက်အခဲတွေ ဖြစ်မလာဘဲ လက်ရှိဆောင်ရွက်ချက်တွေအတိုင်းသာ ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင် ပဥ္စမမျိုးဆက်ခေါင်းဆောင်ဖြစ်တဲ့ ရှီကျင့်ဖျင်ရဲ့ အုပ်ချုပ်မှုသမိုင်းကြောင်းမှာ အထင်ကရ ကျန်ရှိခဲ့မယ့် ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်ဖြစ်မှာ သေချာပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

## ထီးချိုင့်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီအဆင့်ဆင့်ရွေးချယ်



**ထီးချိုင့် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်းရှိ ဆားတွင်း၊ ပေါက်နက်၊ တောမ၊ မရသိမ်၊ ဒင်ကျီးကျကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီအဆင့်ဆင့်ရွေးချယ်ခြင်းအခမ်းအနားကို ဇွန်လနောက်ဆုံးပတ်ကအပြီးဆောက်ရွက်ခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းကျေးရွာများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်က ဖက်တဲ၊ နီတာ၊ ဖုန်ကုန်းလေး၊ သာယာကုန်း၊ တည်တော၊ လင်းပိုင်တင်၊ အင်းတမွတ်၊ ကျောင်းလမ်း၊ မယ်ဇလီဆင်ကျွန်းကျေးရွာတို့ကို ထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆားတွင်း၊ ပေါက်နက်၊ တောမ၊ မရသိမ်၊ ဒင်ကျီးကျကျေးရွာတို့အား ရန်ပုံငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်သည် ။

“ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာတွေမှာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုနဲ့ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနဲ့ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဆိုပြီး အများဆန္ဒအရ မဲစနစ်ဖြင့် သမာသမတ်ကျကျရွေးချယ်ပေးခဲ့ပါတယ်။ ကော်မတီများလုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်များကိုလည်း စနစ်တကျဖြစ်အောင် သင်ကြားပေးခဲ့ပါတယ်။ ပြီးရင်မြန်မာ့စီးပွားရေးဘဏ်မှာ မြစိမ်းရောင် ရန်ပုံငွေသိန်း ၃၀၀ ကိုကျေးရွာနာမည်နဲ့ စာရင်းဖွင့်ပေးတယ်။ သက်ဆိုင်ရာကျေးရွာတွေမှာ ဖွဲ့စည်းပေးထားတဲ့ ကော်မတီတွေက လျှောက်လွှာများခေါ်ယူပြီး ဆင်းရဲပြီးအရင်းအနှီးလိုအပ်သူတွေကို ဦးစားပေးစနစ်နဲ့ ချေးငွေထုတ်ပေးရပါမယ်။ ချေးငွေရယူလိုသူတစ်ဦးကို အခြားနှစ်ယောက်က အာမခံမှ ထုတ်ချေးပေးပါတယ်။ ကျေးရွာမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာပုဂ္ဂလိက မီးလင်းရေးစတဲ့လုပ်ငန်းများအလိုက် ချေးငွေထုတ်ပေးပါတယ်။ ချေးငွေတွေအပေါ် တစ်နှစ် (သို့မဟုတ်) နှစ်နှစ်ခန့်မှာရရှိလာတဲ့အတိုးငွေများကိုလည်း ကျေးရွာရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွေမှာပဲ ပြန်ပြီးအသုံးချရမှာဖြစ်ပါတယ်။ စာရင်းဇယားများကိုတော့ ဌာနကနေ လစဉ်ကွင်းဆင်းကြီးကြပ် စစ်ဆေးသွားမှာဖြစ်ပါတယ်”ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီအဆင့်ဆင့်ရွေးချယ်ခြင်းအခမ်းအနားများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်မင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

■

## မှူခင်းကျဆင်းရေး ကင်းလှည့်ဆောင်ရွက်

**မူဆယ် ဇူလိုင် ၃**

ပြည်ထဲရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ရပ်ရွာအေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်မှုအတွက် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ကြီးကြပ်ကွပ်ကဲသည့် ရဲတပ်ဖွဲ့ဝင်များသည် ညစဉ် ယာဉ်လှည့်ကင်းလေးစီး၊ ဆိုင်ကယ်လှည့်ကင်းခုနစ်စီး၊ နေ့ပိုင်းယာဉ်လှည့်ကင်း နှစ်စီး၊ မြို့ပေါ်နယ်မြေ ရဲကင်းများအလိုက် ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ **ဆရာမောင်(မူဆယ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာများစိုက်ထူ

**သာရဝေါ ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် သာရဝေါမြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းအား လူစည်ကားသည့်နေရာ သာရဝေါဈေးထိပ်၌ မြို့နယ်လျှပ်စစ်မှူး ဦးမျိုးသိန်းဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇွန် ၂၇ ရက်တွင် စိုက်ထူခဲ့ကြောင်းသိရသည်။

(၄၉၇)

## စခန်းသာကျေးရွာ ရေရရှိရေး ဆောင်ရွက်

**နမ့်ဆန် ဇူလိုင် ၃**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အာရမ်းပန်ကျလော့ကျောက်ချောလမ်း ပြင်ဆင်ထိန်းသိမ်းရေးနှင့် စခန်းသာကျေးရွာရေရရှိရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နမ့်ဆန်မြို့နယ် အာရမ်းပန်ကျလော့နှင့် စခန်းသာကျေးရွာများသို့ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမျိုးမင်းစိုးသည် ဇွန်၂၉နှင့် ၃၀ရက်တို့တွင် ကွင်းဆင်းကြည့်ရှုခဲ့ရာ နမ့်ဆန်မြို့နယ်ဦးစီးမှူးဦးကျော်ဇင်လတ်က ရှင်းလင်းပြောကြားခဲ့သည်။

ခရိုင်ဦးစီးမှူးက တောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။ **သီပေါကိုလတ်**

ကြေးမုံ
ဇူလိုင် ၄၊ ၂၀၁၆



ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုလျက်ရှိသော ဒေသခံပြည်သူများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာ ဖုန်းတာဝါတိုင်အား ဇွန် ၃၀ ရက်တွင်လည်းကောင်း၊ မိုးနဲမြို့ဖုန်းတာဝါတိုင်အား ဇူလိုင် ၁ ရက်တွင်လည်းကောင်း ဖုန်းလိုင်းအား 2G စနစ်မှ 3G စနစ်သို့ တိုးမြှင့်တပ်ဆင်ပေးခြင်းကြောင့် ပြည်သူများ တစ်နေရာနှင့်တစ်နေရာဆက်သွယ်ပြောဆိုရာတွင်လည်းကောင်း၊ အင်တာနက်အသုံးပြုရာတွင်လည်းကောင်း ယခင်ကထက် ပိုမိုမြန်ဆန်လွယ်ကူစွာ အသုံးပြုလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မျိုးညွန့်ရွှေ (မိုးနဲ)

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် UNICEF မှ ကိုယ်စားလှယ်နှင့် ဒေသတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**မြင်းခြံ ဇူလိုင် ၃**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော UNICEF၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုတွင် ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော UNICEF ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနည်းဗျူဟာနှင့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံများအား အကဲဖြတ်တိုင်ပင်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ကိုယ်စားလှယ် APLAND KARA STILLWELL၊ UNICEF ၏ ဗဟိုပရောဂျက်မန်နေဂျာ ဦးချစ်ကိုကို၊ မန္တလေးတိုင်းပရောဂျက်မန်နေဂျာ ဒေါ်သီတာစိမ်းတို့နှင့် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထူး၊ ပညာရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်တရားသူကြီး ဦးချစ်ကိုကို၊ မြို့နယ်ဥပဒေအရာရှိ ဦးနေထက်လှိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး DR သင်းသီရိအောင်တို့သည် မြင်းခြံမြို့နယ်အတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းထားမှု၊ ကလေးသူငယ်များနှင့်ပတ်သက်၍ မြို့နယ်အတွင်းဆောင်ရွက်နေမှု၊ ကလေးသူငယ်များနှင့်ပတ်သက်၍ မှုခင်းဖြစ်ပွားမှု၊ ကလေးသူငယ်များအပေါ် ကာကွယ်စောင့်ရှောက်မှုတို့အား ဆွေးနွေးခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## (၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၃**
ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော (၆) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ နေပြည်တော် ပျဉ်းမနားမြို့နယ် ခုတင်၂၀၀ ဆံ့ဆေးရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့်အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပခြင်းဖြစ်ပြီး မိမိတို့သွေးဖြင့် အမှန်တကယ်သွေးလိုအပ်နေသူများ၏အသက်ကို ကယ်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လှူဒါန်းပွဲသို့ နေပြည်တော်ရှိ မြို့နယ်(၈)မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလုပ်သင်အမျိုးသမီး ဒုရဲအုပ်(၂)နှင့် ကုသိုလ်ရှင်ပြည်သူများပါ ပူးပေါင်းပါဝင်လှူဒါန်းကြပြီး စုစုပေါင်းသွေးနှင့် ကျန်းမာရေးစစ်ဆေးခံသူ ၃၈ ဦးရှိပြီး လှူဒါန်းရန်သတ်မှတ်သည့် ကျန်းမာရေးစစ်ဆေးမှု အောင်မြင်သူ အေသွေးသုံးဦး၊ ဘီသွေးကိုးဦး၊ အိုသွေး ၁၂ ဦးနှင့် အေဘီသွေးလေးဦး စုစုပေါင်း ၂၈ ဦး လှူဒါန်းနိုင်ခဲ့သည်။

ယင်းနေ့က နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့် တာဝန်ရှိသူများသည် သွေးအလှူရှင်များအား လက်ဆောင်ပစ္စည်းများ၊ နွားနို့၊ ကိတ်မုန့်၊ အချိုရည်နှင့် ကြက်ဥများအား အားပြန်လည်ပြည့်ဝ လာစေရန်အတွက် ပေးအပ်ဂုဏ်ပြုခဲ့သည်။

**ကိုကိုလင်း(ပြန်/ဆက်)**

## တင်းဝါးများမျိုးတုံးမှုကြောင့် ပဲခူးဝါးဈေးကွက်၌ တင်းဝါးဈေးဆယ်ဆခန့်မြင့်တက်နေ

**ပဲခူး ဇူလိုင် ၃**
ပဲခူးမြို့ပေါ်တင်းတောင်း၊ ဆန်ကော၊ ဆန်ကာ၊နှီး အဖြစ်အသုံးပြုသော တင်းဝါးဈေး ၁၀ ဆခန့်မြင့်တက်နေကြောင်း ဝါးအသုံးပြုနေသူများထံမှ သိရသည်။

ဒေသအတွင်း တင်းဝါးများမျိုးတုံးမှုနှင့်ကြုံနေရသဖြင့် ယခင်ဝါးတစ်လုံးတစ်ရာ့ငါးဆယ်ခန့်သာရှိရာ ယခုအခါ ၁၅၀၀ အထိရောက်လာသဖြင့် ၁၀ ဆခန့် ဈေးမြင့်လာရခြင်းဖြစ်သည်။

ဝါးပင်အသီး အပွင့်လိုက်ပြီဆို ဝါးမျိုးတုံးကြောင်းနှင့် နောက်ထပ်ဝါးရဖို့က ၁၀ နှစ်အထက်ကြာကြောင်း ဝါးခုတ်လုပ်သားများက ပြောသည်။

"မနှစ်ကစပြီး ဝါးကအသီးသီးတယ်။ အပွင့်ပွင့်လာပြီဆို ဝါးမျိုးတုံးတာပါပဲ။ ဒီဝါးမျိုးရဖို့ဆို ၁၀ နှစ်ကျော်လောက်စောင့်ရမယ်။ ဝါးသကူဝါးဆိုတာရှိတယ်။ ဒီဝါးလည်းအခုမှပြန်ပေါ်လာတာ၊ အရင် ၁၀ နှစ်ကျော်ကြာလောက်က ဝါးမျိုးတုံးသွားတယ်" ဟု ဝါးခုတ်လုပ်သားတစ်ဦးက ပြောသည်။

"တင်းဝါးက နှီးဖျာ၊ တောင်းကွပ်တင်မဟုတ်ဘူး။ ငါးလုပ်ငန်းလုပ်တဲ့သူတွေ ယင်းလိပ်လုပ်တယ်။ ငါးမထွက်အောင် အတားအဆီးက ညီညာတဲ့အတွက် ဒီဝါးကိုကြိုက်တယ်" ဟု ငါးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်က ဝါးကိုကားအစီးလိုက် လိုချင်တယ်။ ဒါပေမယ့် ဝါးကရှားနေပြီ။ ကျိုက်ထိုဖက်ကမှာရတယ်။ ပဲခူးဝါးလောက်မကြိုက်ဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပဲခူးမြို့နယ်အပိုင်နယ်နိမိတ် ချောင်းဖျား၊ ဒိုဒူကွဲချောင်းလက်တက်နှင့် လင်းဇင်းချောင်း၊ တောင်စောင်းများမှ တင်းဝါးများအဓိက ထွက်ရာဒေသဖြစ်သည်။ ပဲခူးဒေသတွင်း တင်းဝါးလုံးဝမထွက်တော့သဖြင့် ဒိုက်ဦးမြို့နှင့်တောင်ငူဘက်မှထွက်ရှိသော တင်းဝါးများအား သယ်ယူရောင်းချနေမှုများကြောင့် ယခုကဲ့သို့ ဝါးဈေး ၁၀ ဆမက မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**မိုးသက်ဝင်း**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ် ကင်းဝေးရေး အသိပညာပေးဟောပြော

**စစ်ကိုင်း ဇူလိုင် ၃**
ကျောင်းသား၊ ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အသင်္ခရာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁၀၅) ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲအုပ်လေးမြင့်က ယာဉ်တိုက်မှုဖြစ်နိုင်သည့် အခြေအနေများ၊ ယာဉ်မောင်းသူများလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးကျော်ကျော်ခိုင်ထွန်းက မော်တော်ဆိုင်ကယ်မောင်းရာတွင် လုံခြုံမှုအပြည့်ရှိသည့် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရမည့်အကြောင်း၊ အနေးယာဉ်များ လိုက်နာရမည့် စည်းကမ်းများနှင့် လမ်းညွှန်ဆိုင်းဘုတ်များအကြောင်းကိုလည်းကောင်း PowerPoint ဖြင့် ပြသဟောပြောခဲ့သည်။

ဆက်လက်ပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးရဲကိုကိုက ၂၀၁၅ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ပါက အရေးယူခံရမည့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးယဉ်မင်းအောင်က 'စည်းကမ်းရှိပါ။ စာဖတ်ပါ' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ စည်းကမ်းရှိရေး၊ စည်းကမ်းလိုက်နာရမည်ဟူသော အသိကို လက်တွေ့ကျင့်သုံးရေးနှင့် မိမိတို့ဘဝ တိုးတက်ရေးအတွက် စာပေလေ့လာဖတ်ရှုကြရေးအကြောင်းများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **ခရိုင်ပြန်/ဆက်(စစ်ကိုင်း)**

## ယဉ်ကျေးမှုကိုထိန်းသိမ်းတတ်စေရန် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ကျင်းပ

**တာချီလိတ် ဇူလိုင် ၃**
၂၀၁၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးငယ်လေးများ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းတတ်စေရန်၊ မြန်မာတို့၏ အဝတ်အထည်များကို လေးစားတန်ဖိုးထားတတ်စေရန် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့်ပဒေသာကပွဲကို ဇွန် ၃၀ ရက် ည ၇ နာရီက မကာဟိုခမ်း ရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး(သဘင်)အဖွဲ့မှ ဦးမင်းမင်းထွန်း ခေါင်းဆောင်သော အနုပညာရှင်များက စကားဝါမြေနုတ်ချင်းတေးသီချင်းဖြင့် အဖွင့်ဖျော်ဖြေတင်ဆက်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ၏ အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ဒိုင်ချုပ်ဖြစ်သူ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြိုင်ပွဲအား အခြေခံပညာအထက်တန်းကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများနှင့် အဖွဲ့အစည်းများ ကိုယ်စားပြု အမျိုးသမီးငယ် ၂၃ ဦးတို့က အသီးသီး ပါဝင်ယှဉ်ပြိုင်ရာ တာချီလိတ်ပညာရေးဖောင်ဒေးရှင်း ကိုယ်စားပြု မဇာဇာလင်းက ပထမ၊ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုကိုယ်စားပြု မဖူးပြည့်စုံက ဒုတိယ၊ တာလော့ရပ်ကွက် ကိုယ်စားပြု မဇင်လဲ့ရည်နွေးက တတိယဖြင့် ဆုများရရှိခဲ့သည်။

ယင်းနောက် ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့် နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များအား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**




## နွေစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ ဝက်လက်မြို့၌ ပြုလုပ်

**ဝက်လက် ဇူလိုင် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၄၅၉) တောင်သူ ဦးခင်အောင်၏ လယ်မြေတွင် စမ်းသပ်စိုက်ပျိုးထားရှိသည့် ရွှေနံ့သာပေါ်ဆန်း၊ ရွှေဝတ်မှုံ၊ အိုင်အာ ၇၄၇ စပါးမျိုးများ၏ အပင်ဖြစ်ထွန်းမှု အခြေအနေကို နှိုင်းယှဉ်လေ့လာ သိရှိစေရန်အတွက် ကွင်းသရုပ်ပြပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် ဦးစိုးဝင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ စုစုပေါင်း ၁၄၄ ဦး တက်ရောက်ခဲ့ပြီး ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် စပါးမျိုးများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့မှ နေရာပေါင်း ၃၀၀၀ ကျော်တွင် အသိပညာပေး လုပ်ငန်းများလုပ်ဆောင်မည်

**မုံရွာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ၊ ထုတ်လုပ်ရောင်းချသူများကို ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန်နှင့် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း နေရာပေါင်း ၃၀၀၀ ကျော်တွင် အသိပညာပေး ဟောပြောပွဲများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ သိရသည်။

အဆိုပါအဖွဲ့နေဖြင့် တိုင်းဒေသကြီးအတွင်း စားသုံးသူများနှင့် ထုတ်လုပ်ရောင်းချသူများကို အစားအသောက်၊ ဆေးဝါး၊ ရေသန့်လုပ်ငန်းများကို အဓိကထား၍ အသိပညာပေးလုပ်ငန်းများကို မြို့နယ်များအဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့ဖြင့် ခွဲခြားပြီး အခြေခံပညာကျောင်းများ၊ ဈေးများ၊ ရုံးများ၊ ဌာနဆိုင်ရာများတွင် လိုက်လံ အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက် ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စားသုံးသူရေးရာနဲ့ပတ်သက်ပြီး အစားအသောက်၊ ဆေးဝါးနဲ့ သောက်ရေသန့် လုပ်ငန်းတွေကို အဓိကထားပြီး အသိပညာပေးလုပ်ငန်းတွေလုပ်ဆောင်နေပါတယ်။ အစားအသောက်နဲ့ပတ်သက်ပြီး ကျောင်းတွေမှာ ကျောင်းကျန်းမာရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းတွေလုပ်ရင်း ကျောင်းတွေရဲ့ မုန့်ဈေးတန်းတွေမှာ သက်တမ်းလွန်မုန့်တွေရောင်းချသလား၊ ဓာတုဆိုးဆေးတွေပါတဲ့ မုန့်တွေရောင်းချသလားဆိုတာ စစ်ဆေးပါတယ်။ တွေ့ရှိရင်လည်း ဆက်ပြီးမရောင်းဖို့ သတိပေးပါတယ်။ နောက်ပိုင်းမှာ ဆက်ပြီးရောင်းချမယ်ဆိုရင်တော့ သူတို့ကို ကျောင်းမုန့်ဈေးတန်းမှာ ဆက်ပြီးရောင်းချခွင့် ပိတ်ပင်တဲ့အထိ အရေးယူသွားမှာပါ။ အဲဒီလိုပဲ ဈေးတွေမှာလည်း ငါးပိ၊ ငါးခြောက်၊ ကော့စမစ်တစ်၊ စားသုံးဆီဆိုင်တွေကို လိုက်လံစစ်ဆေးပြီး ဓာတုဆိုးဆေးတွေပါတဲ့ ရောင်းကုန်တွေကို မရောင်းဖို့ ပြောဆိုစစ်ဆေးပါတယ်။ နောက်တစ်ခုက အဲဒီရောင်းကုန်တွေကို ထုတ်လုပ်တဲ့ ထုတ်လုပ်သူ လုပ်ငန်းရှင် အစုအဖွဲ့တွေနဲ့ တွေ့ဆုံပြီး စားသုံးသူအကာအကွယ်ပေးရေး ရှေ့ဆက်လက် လုပ်ဆောင်မည့် လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပါတယ်။ အသိပညာပေး လုပ်ငန်းတွေပြီးဆုံးလို့ ဆက်လက်ထုတ်လုပ်မယ်၊ ရောင်းချမယ်ဆိုရင်တော့ စစ်ဆေးတွေ့ရှိရင် အရေးယူမှုတွေကို လုပ်ဆောင်သွားမှာပါ။ ဇူလိုင်အတွင်းမှာလည်း ကျောင်းဖွင့်တဲ့ရာသီဖြစ်တဲ့အတွက် ကျောင်းတွေကိုအဓိကထားပြီး လုပ်ဆောင်သွားမှာပါ။ စားသုံးသူကာကွယ်ရေးမှာ ကလေးတွေကအဓိကကျတဲ့အတွက် ကျောင်းတွေကိုဦးစားပေး လုပ်ဆောင်သွားမှာပါ" ဟု တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များတွင် စားသုံးသူရေးရာအသိပညာပေး လုပ်ငန်းများကို ဇွန်လအတွင်းမှာ နေရာပေါင်း ၃၀၀ ကျော်လုပ်ဆောင်နိုင်ခဲ့ပြီး ဇူလိုင်လအတွင်းမှာ နေရာပေါင်း ၃၅၀ ကျော်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နေရာပေါင်း ၃၀၀၀ ကျော်တွင် စားသုံးသူရေးရာနှင့် ပတ်သက်သည့်အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

## သဘာဝပတ်ဝန်းကျင်တည်မြဲဖို့ ဟသ်ာတ၌ ဌာနဆိုင်ရာ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**ဟသ်ာတ ဇူလိုင် ၃**

'သဘာဝပတ်ဝန်းကျင်တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့' ဆောင်ပုဒ်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် နတ်မော်လမ်းဂေါက်ကွင်း၌ ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ခရိုင်သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာများစုပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်၌ ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုဦးနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာနှင့် သစ်တောဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးအဖွဲ့များအား စိုက်ပျိုးမည့် ပျိုးပင်များအားပေးအပ်ခဲ့သည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ယူကလစ်ပင် ၁၅၀၊ ကျွန်းပင် ၂၅၀၊ မဟော်ဂနီပင် ၁၅၀၊ ပျဉ်းကတိုးပင် ၅၀ တို့အား တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## တောင်သူ ၃၆၄ ဦးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များပေးအပ်

**ကြံခင်း ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ပေးအပ်ပွဲကို ဇွန် ၃၀ ရက် နေ့လယ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဧရာဦးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်သိန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြား၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက် မှတ်ပုံစံ(၇)များကို တာဝန်ရှိသူများက တောင်သူများ လက်ဝယ်သို့ပေးအပ်ခဲ့သည်။

ကြံခင်းမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု(၃၅)အုပ်စုရှိသည့်အနက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခဲ့သည့် ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူ ၃၆၄ ဦးအတွက် ဦးပိုင်(၄၀၇)ရှိ ဧရိယာ ၁၀၄၅ ဒသမ ၂၅ ဧကအား တောင်သူများလက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို ပေးအပ်ခြင်းဖြစ်သည်။

**ဝတ်ရည်(ကြံခင်းပြန်/ဆက်)**

## မုံရွာမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မုံရွာ ဇူလိုင် ၃**

သဘာဝပတ်ဝန်းကျင်အား ချစ်မြတ်နိုးကာ သစ်တောသစ်ပင်များအား ပြုစုပျိုးထောင်တတ်လာစေရန်နှင့် စွန့်ပစ်အမှိုက်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲအား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့ကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် Spectrum အဖွဲ့၊ စိမ်းလန်းအမိမြေအသင်း(မန္တလေးမြို့)၊ FLEGT (မုံရွာမြို့)၊ MATA (ဆားလင်းကြီးမြို့)၊ Action Aid(ဆားလင်းကြီးမြို့)နှင့် အခြားဖိတ်ကြားထားသည့် အဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းနေ့ရဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အပြန်အလှန်ဆွေးနွေး ဖလှယ်ခဲ့ကြကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

## ကြံပင်ကျေးရွာတွင် ကျေးရွာမြေပုံဂရန်များထုတ်ပေးနိုင်ရေးအတွက် တိုင်းတာခြင်းများဆောင်ရွက်

**ရမည်းသင်း ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပထမရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေပုံဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ထန်းတောကြံပင်ကျေးရွာအုပ်စု ကြံပင်ကျေးရွာတွင် G.C.P (Point) တိုင်းတာခြင်းကို ဇူလိုင် ၁ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ်က အင်းဇင်းကျေးရွာကို ပထဦးစွာကျေးရွာမြေပုံဂရန်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် ကြံပင်ကျေးရွာကို ဒုတိယမြောက် မြေပုံဂရန်များထုတ်ပေးနိုင်ရေးအတွက် တိုင်းတာလျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ခရိုင်ပြန်/ဆက်)**



## လွှတ်တော်ကိုယ်စားလှယ်များစွမ်းဆောင်ရည်မြှင့်သင်တန်း ဖွင့်လှစ်

**လှိုင်ကော် ဇူလိုင် ၃**

ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးတို့က အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့မှ ဦးကျင်ဖေ၊ ဦးအောင်မြင့်၊ ဒေါက်တာစိုးမိုးအောင်တို့က ရှင်းလင်းဆွေးနွေးတင်ပြ၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည့် အချက်အလက်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကို ဇူလိုင် ၁ ရက် မှ ၃ ရက် အထိပြုလုပ်ခဲ့ပြီး သင်တန်းသို့ လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# အထိမ်းအမှတ်ဂုဏ်ပြုသစ်ပင်စိုက်၊ ဆုချီးမြှင့်

**အောင်ပန်း ဇူလိုင် ၃**
ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲ ၄၀၀ ပြည့်အထိမ်းအမှတ်ဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဇူလိုင် ၂ ရက်တွင် အောင်ပန်းမြို့၌ ကျင်းပသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများအထိ နေရာအနှံ့အပြားတွင် ဘဏ်ခွဲသစ်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ဘဏ်ခွဲ ၄၀၀ ပြည့်မြောက်သော အနောက်ရွှေဂုံတိုင်လမ်းဘဏ်ခွဲကို ဇွန် ၂၈ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဘဏ်ခွဲ ၄၀၀ ပြည့်အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် ညပိုင်းက အောင်ပန်းမြို့ "Hotel 88" တွင်ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က" ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်က ကမ္ဘောဇဘဏ်လီမိတက်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဝန်ထမ်းစုစုပေါင်း ၁၆၀၀၀ ကျော်နဲ့ပြည်တွင်း၊ ပြည်ပဘဏ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ မေလနဲ့ ဇွန်လအတွင်းမှာ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတွေမှာ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲတွေ ဖွင့်လှစ်ခွင့်လိုင်စင် ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးလည်း နိုင်ငံခြားဘဏ်ခွဲတွေကို တိုးချဲ့ဖွင့်လှစ်သွားမှာပါ"ဟုပြောသည်။

ဘဏ်ခွဲ ၄၀၀ ပြည့်အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြည်ထောင်စုလမ်းမကြီးထောင့် သာမိုင်ခမ်းဆည် ပတ်ဝန်းကျင်တွင်ပြုလုပ်ရာ နိုင်ငံခြားဘဏ်များမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ အရာရှိကြီးများ၊ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်နှင့် ကမ္ဘောဇဘဏ်လီမိတက်မှ အရာရှိကြီးများက ဝက်သစ်ချပင် ၂၀၀၊ စိန်ပန်းပင် ၁၀၀ နှင့် ချယ်ရီပင် ၁၀၀ စုစုပေါင်းပျိုးပင် ၄၀၀ ကိုစိုက်ပျိုးခဲ့ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းမှစတင်၍ အောင်ပန်းမြို့ ပင်မိုဂေါက်ကလပ်တွင် ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲ ၄၀၀ ပြည့်အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ကမ္ဘာ့အဆင့်မီ Oracle Flexcube Core Banking Software ကိုအသုံးပြုကာ ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုလည်းကောင်း၊ ATM စက်များ၏ လုပ်ငန်း စွမ်းဆောင်ရည်ကို ယခုထက်လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်ရန် ကမ္ဘာ့အကောင်းဆုံး ဂြိုလ်တုဆက်သွယ်ရေးနည်း ပညာများကို အသုံးပြုဝန်ဆောင်မှုပေးနိုင်သည့် KBZ Gateway ကုမ္ပဏီကိုလည်းတည်ထောင်ဖွင့်လှစ်ထားသည်။ အထူးသဖြင့်ခေတ်မီအဆင့်မြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိခြင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူများအတွက်ချေးငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်ချေးလာနိုင်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပါဝင်လာအောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြင့် အာရှတိုက်၏ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ယနေ့ခေတ်မြန်မာနိုင်ငံ၏အခန်းကဏ္ဍ ပိုမိုသိသာစွာ စီးပွားရေးဖွံ့ဖြိုးစေခဲ့ခြင်း၊ ဝင်ငွေနှင့် အမြတ်ငွေများတိုးတက်များပြားလာပြီး နိုင်ငံတော်အတွက် ပထမနေရာမှ လေးနှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတကာမှ ချီးမြှင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ထူးချွန်ဆုများကို ရရှိထားကြောင်း သိရသည်။ **(ကြေးမုံ)**




# ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး လုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေး

**မုံရွာ ဇူလိုင် ၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အများပြည်သူ သတိပြုလိုက်နာ ကျင့်သုံးနိုင်စေရန်အတွက် တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူးပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အသိပညာပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကလေးသူငယ်များ၊ လူကြီး၊ လူငယ်များ သစ်တောသစ်ပင်များကို ချစ်ခင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန်၊ စွန့်ပစ်အမှိုက်များကို ခွဲခြမ်းစိတ်ဖြာပြီး စနစ်တကျစွန့်ပစ်တတ်စေရန်ရည်ရွယ်၍ နယ်ပယ်အသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များကို ဖိတ်ခေါ်ကာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်း ဆိုင်ရာများကို စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဌေးကလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးမင်းအောင်ဖြိုးက စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ စိမ်းလန်းအမိမြေအသင်း(ရန်ကုန်)မှ ဦးမုန်ရှောင်အောင်ကလည်းကောင်း၊ Spectrumအဖွဲ့(ရန်ကုန်) မှ ဆလိုင်းထောင်းလှိုင်လုန် (ကာတွန်းလိုင်းလုဏ်)တို့နှင့် CESVI မှ ဦးဟိန်းထက်နိုင်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့်ကြောင်းအရာများကို အသီးသီး ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ NGO အဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းဝေ (မုံရွာ)**

# ကျိုက်ထိုမြို့နယ်တွင် နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာများရှင်းလင်းဆွေးနွေးပွဲပြုလုပ်

**ကျိုက်ထို ဇူလိုင် ၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနခွဲ (၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းဝေမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ တည်ဆဲဥပဒေများ/ ၂၀-၆-၂၀၁၆ ရက်စွဲဖြင့် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်မှု ကော်မတီဖွဲ့စည်းခြင်း၊ နိုင်ငံခြားသားများထိန်းသိမ်းခြင်းလုပ်ငန်း၊ ဟိုတယ်ပိုင်ရှင်များသိရှိလိုက်နာရမည့်အချက်များ၊ နိုင်ငံကူးလက်မှတ်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာခွင့်ပြုလက်မှတ်အစရှိသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ကြောင်း သိရသည်။
**မြို့နယ်ပြန်/ဆက်**

# ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ကျဆင်းရေး ကွမ်းယာရောင်းချသူများနှင့်ဆွေးနွေး

**ဝါးခယ်မ ဇူလိုင် ၃**
ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေးအတွက် ကွမ်းယာရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက အဖွင့်အမှာစကားပြောကြားကာ ကျောင်းကျန်းမာရေးဌာန သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာခင်သူဇာတင်နှင့် တာဝန်ရှိသူများက ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများ၊ ဘေးထွက်ဆိုးကျိုးများ၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများအား ဆွေးနွေးပြောကြားခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ပြည်သူလူထုများ သိရှိလိုက်နာစေရန် ပညာပေးပိုစတာများ၊ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ကွမ်းတံတွေးထွေးရန် အမှိုက်ပုံးများ ထားရှိပေးခြင်းနှင့် ကွမ်းယာရောင်းချသူများ စနစ်တကျ ရောင်းချစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားသို့ ဝါးခယ်မမြို့နယ်အတွင်း ကွမ်းယာရောင်းချသူ ၈၀ ကျော် တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ**

# မအူပင်ခရိုင်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု ညှိနှိုင်းဆွေးနွေး


**မအူပင် ဇူလိုင် ၃**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ခရိုင်အတွင်းရှိမြို့နယ်များ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု ဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းဇော်၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့ရေးရာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်ရမည့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။ **မအူပင်ခရိုင် (ပြန်/ဆက်)**

# တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး လှည့်ကင်းများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်း၍လှည့်ကင်းများ ဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း မှုခင်းဖြစ်ပွားမှု များပြားလာသဖြင့် မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းစေရေးအတွက် Pilot Project ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက်ကြွလူငယ်များ၊ အမှတ် (၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ လုံခြုံရေးလှည့်ကင်း ပူးပေါင်းဆောင်ရွက်နေမှုတို့အား အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊အမှတ် (၂) ဒေသမှူး ရဲမှူးကြီး ကျော်ကျော်မင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဦးနှင့် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က ဇွန် ၃၀ ရက်တွင် လိုက်လံစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ချက် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **သက်နိုင် (သန်လျင်)**


နွားထိုးကြီးမြို့စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် အမှတ် ၁ ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးဝင်းစိုးနှင့် ရပ်ကွက်ပရဟိတအဖွဲ့တို့ပူးပေါင်းကာ နွားထိုးကြီး အမှတ် ၁ ရပ်ကွက်နှင့် ကန်နှစ်ဆင့်ရွာသွားလမ်းကို စက်ယန္တရားဖြင့် ဇူလိုင် ၁ ရက်က လမ်းချဲ့ဖောက်လုပ်နေပြီး မြေသားလမ်းဖောက်ခြင်း၊ လမ်းချဲ့ခြင်းနှင့် အမှိုက်သရိုက်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ခင်ဇာမွန်မြင့်

# မိုးစိုခြေအေးဝမ်းရောင် သွေးတိုးသတိပြု



ကြည်လွင်မြင့်(မုဒြာ)

မိုးဥတုတွင် နေအိမ်ပြင်ပထွက်ပြီး နေ့စဉ်သွားလာ အလုပ်လုပ်ကြရသူများသည် ခြေထောက်ရေစိုရာမှ နောက်ဆက်တွဲအဖြစ် ခြေအေးဝမ်းရောင်ခေါ် အစာမကြေ၊ ဝမ်းဗိုက်လေပွရောဂါနှင့် အသက် ၄၀ ကျော်သူများမှာ သွေးတိုးရောဂါ ဝင်လာတတ်သည်ကို သတိပြုကြရန်တင်ပြလိုပါသည်။

သွေးတိုးရောဂါသည် အစာများမှ အငန်စားမှုမဟုတ် ပြင်ပအအေးပတ်ဖွဲ့ခြင်း၊ မိုးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သွေးစီးဆင်းမှုကြောင့် ပုံမှန်ပူနွေးနေသော သွေးကြောသည် အအေးဓာတ်ကြောင့် ကျုံ့သွားပြီး ဖိအားတစ်ခုဖြစ်လာကာ သွေးမသွားနိုင်ဖြစ်ရသည်။ ထိုအခါ သွေးပုံမှန်သွားစေရန် နှလုံးမှ ပို၍ ညှစ်အားပေးသည်။ ထိုအားကို သွေးပေါင်ချိန်ကိရိယာနှင့်တိုင်းသောအခါ BP 140 / 90 mmHg (အပေါ် သွေးဖိအား ၁၄၀ နှင့် အောက်သွေး ၉၀ မီလီမီတာ/ပြဒါး) အထိခံနိုင်ရည်ရှိသောအနေအထားဖြစ်သည်။ အပေါ်ရော အောက်ပါ ထို့ထက်ဖိအားပိုလာလျှင် သွေးတိုးရောဂါဟုသတ်မှတ်သည်။

မိုးဥတုတွင် နေအိမ်မှထွက်သွားချိန်နှင့် ပြန်လာချိန်များကို သွေးပေါင်ချိန် (သွေးဖိအား)မှတ်တမ်းထားရှိ လေ့လာကြည့်သည့်အခါ အိမ်မှမထွက်ခွာမီပုံမှန်ဖြစ်သော်လည်း ပြန်ရောက်လာချိန်တွင် မိုးရေစိုခဲ့ခြင်း သို့မဟုတ် ခြေထောက်ရေစိုခဲ့ခြင်းဖြစ်ခဲ့လျှင် သွေးပေါင်ချိန်တက်နေသည်ကို တွေ့ရှိရသည်။ အချိန်ကြာကြာမိုးမိသည်နှင့်အမျှ ပို၍တက်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

နံနက်စောစောအစာကိုစားပြီး နေအိမ်မှထွက်သွားသူများအတွက် မိုးမိပြီးနောက် အစာမကြေဖြစ်လာတတ်သည်။ ခန္ဓာကိုယ်အအေးပပ်ခြင်း၊ ခြေနှစ်ဖက်ရေစိုခြင်းကြောင့် ဝမ်းမီးနှံ့ပြီး အစာမကြေဖြစ်သည်ဟု ယူဆရသည်။ အစာခြေခြင်းကို ဝမ်းမီးခေါ် ပါစကတေဇောဓာတ်ကဆောင်ရွက်သည်။ ထိုဝမ်းမီးသည် အအေးဓာတ်ကြောင့် အားပျော့သွားခြင်းကို ဝမ်းမီးနှံ့သွားသည်ဟု ရိုးရာဆေးပညာက ဆိုသည်။ ဝမ်းမီးအားကောင်းလာအောင် ချင်းနှင့် ရေနွေးပူပူကိုသောက်ပေးခြင်းဖြင့် အစာကြေစေ နိုင်သည်။

ငရုတ်ကောင်း၊ ပိတ်ချင်းနှင့်ချင်းကို တြိကဋုတ်သုံးပါးဟု အာယုဗေဒဆေးကျမ်းများက ဆိုသည်။ အစာကြေစေသော (အစပ်သုံးပါး) ဆေးသုံးပါးဟု ဆိုသည်။ မိုးဥတုတွင် အပြင်မထွက်မီ အစားအသောက် စားသုံးလျှင် ဟင်းနှင့်ဟင်းချိုတွင် ငရုတ်ကောင်းခပ်ခြင်း၊ ချင်းထည့်ချက်ခြင်းဖြင့် အစာကြေအောင် အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် အသားဟင်းချက်လျှင် ချင်းကို နိုင်နိုင်ထည့်ချက်လျှင် မိုးဥတုနှင့်သင့်သည်။

ရှေးလူကြီးများ ခြေအေးလျှင် ဝမ်းရောင်သည်ဟုဆိုကြသည်။ မိုးရေစိုချိန်ကြာသဖြင့် ခြေထောက်အေးလာသောအခါ အအေးဓာတ်သည် တဖြည်းဖြည်း အပေါ်သို့တက်လာပြီး ချက်တိုင်နှင့် ဝမ်းဗိုက်အထိရောက်လာသည်။ အစာမကြေဖြစ်လာသည်။ အစာမကြေလျှင် လေပွလာပြီး ဝမ်းဗိုက်သည် တင်းပြီးဖောင်းလာသည်ကို ဝမ်းရောင်သည်ဟုခေါ်ခြင်းဖြစ်သည်။ အစာမကြေခြင်း၏ နောက်ဆက်တွဲရောဂါများမှာ ခေါင်းကိုက်၊ ခေါင်းအုံခြင်းနှင့် သွေးတိုးရောဂါဖြစ်သည်။

မိုးရွာထဲမှပြန်လာပြီးနောက် ကိုယ်တစ်ခြမ်းလေဖြတ်သွားသူကိုတွေ့ဖူးသည်။ အသက် ၅၀ ခန့် အရွယ်ကောင်းဖြစ်သည်။ ယခင်က သွေးတိုးဖူးသည်။ သို့သော် အမြဲမတိုးသဖြင့် သွေးကျဆေးကို ပုံမှန်မသောက်ဟုဆိုသည်။ နေအိမ်တွင်လဲကျသဖြင့် ဆေးရုံပို့သောအခါ သွေးပေါင်အလွန်တက်ပြီး ဦးနှောက်အတွင်း သွေးခဲရောက်သဖြင့် ပိတ်ဆို့ပြီး လေဖြတ်ရခြင်းဖြစ်သည်ဟုဆိုသည်။ ခြေအေးခြင်းမှ စခဲ့သည့်သွေးတိုးရောဂါဖြစ်သည်။ သတိပြုကြစေရန် တင်ပြရခြင်းဖြစ်သည်။

သွေးတိုးရောဂါသည် သွေးအပျစ်၊ အကျဲနှင့်လည်းဆိုင်သည်။ ပူလျှင် သွေးကျဲသည်။ အေးလျှင် သွေးပျစ်သည်ဟုဆိုသည်။ သွေးတိုးနှင့် နှလုံးရောဂါ ရေရှည်ဖြစ်နေသူများကို အထူးကုဆရာဝန်ကြီးများက သွေးတိုးကျဆေးသာမက သွေးကျဲဆေးကိုပါတွဲ၍ပေးသည်ကို တွေ့ရှိရသည်။

မိုးဥတုသည် စွတ်စိုထိုင်းမှိုင်းသောဥတုဖြစ်သဖြင့် သွေးထိုင်းသော ဥတုဖြစ်သည်။ သက်ဥတုဖြစ်သည်ဟု မြန်မာဆေးဆရာကြီးများက ယူဆသည်။ ဝမ်းပျက်လွယ်သော ဥတုဖြစ်သည်။ ချဉ်ပေါင်ဟင်း၊ ပဲဟင်းနှင့် အမှည့်လွန်သောအသီးများကို သတိထားစားသုံးသင့်သည်။ အမှည့်လွန်သရက်သီးကို စားသုံးပြီး ဝမ်းမထိန်းနိုင်ဖြစ်ကာ ဆေးရုံရောက်ရသည့် လူကြီးများကို မိုးဥတုတွင်တွေ့ရသည်။ အသီးအနှံပင်ဖြစ်သော်လည်း အမှည့်လွန်လျှင် ဝမ်းဗိုက်ကို ဥပဒ်ပေးတတ်သည်။

မိုးရွာထဲတွင် ကြွေကျသည့်သရက်သီးမှည့်များကိုကောက်၍ စားသုံးသည့်ကလေးငယ်များ ခြေအေးဝမ်းရောင်ရောဂါနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ကြသည်ကို တွေ့ရသည်။ ဆေးဆိုးသည့် အစာမှ အန္တရာယ်ရှိသည် မဟုတ်။ မိုးမိကြွေ၊ လေကြွေ အသီးအနှံများသည်လည်း အစာအိမ်ကို ဒုက္ခပေး တတ်သည်ကို သတိပြုကြစေလိုသည်။

ရှေးကလူကြီးများသည် ရေမျောလာသည့် အသီးအနှံကို မစားရဟုဆိုသည်။ အချိန်ကြာမြင့်စွာ ရေစိမ်ပြီး ပွလာသည့် အသီးအနှံသည် အစာအိမ်နှင့်မသင့်ပါ။ အာပေါဓာတ်လွန်ပြီး ပွဖောင်းသည့်အစာသည် ဝမ်းနှင့်ရင်ကို ဥပဒ်ပေးတတ်သည်။ အချိန်လွန်၍ ရေစိမ်သော ပဲကြီး၊ ပဲပင်ပေါက်နှင့်ပဲပြားများသည်လည်း ဝမ်းဖော ဝမ်းရောင်ဖြစ်စေနိုင်သည်ဟုဆိုသည်။

ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင် ရေးသားပြုစုသော ကာယနုပဿနာကျမ်း (မင်းတုန်းမင်းတရားကြီးလက်ထက်က ပြုစုသည်) တွင် 'ရုပ်ကိုဖြစ်စေသောဥတု' အကြောင်း ဖော်ပြထားသည်မှာ -

အအေးအပူဖြစ်သော တေဇောဓာတ်သည် ဥတုမည်၏။ ထိုတေဇောဓာတ်သည် လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်ကုန်၏။ လောကဝေါဟာရအားဖြင့် အအေး၊ အပူ နှစ်မျိုးရှိသည်။ ဥတုဟူသည်ကား တေဇောဓာတ်၏ ရုပ်သဘောဖြစ်၍ ဥပါဒ်ခဏ၊ ဘင်ခဏသည် စိတ်နှင့်အတူတကွ ဖြစ်သောကြောင့်လည်းကောင်း . . . ဟု ရေးသားထားသည်။


ရုပ်သဘောအရ နေကောင်းနေသူသည် ဥတုကြောင့် နေမကောင်းဖြစ်နိုင်သည်။ ဥတုပျက်ခြင်းကြောင့် ရုပ်ကိုထိခိုက်စေနိုင်သည်ဟုယူဆရမည်။ ဥတုမကောင်းသည့်အခါတွင် နေကောင်း ကျန်းမာနေသူများပင် အသွားအလာအနေအထိုင် ဆင်ခြင်သင့်သည့်သဘောဖြစ်သည်။

ခြေဖဝါးတွင် ပထဝီကြောများရှိသည်ဟုဆိုသည်။ ရှေးကလူများသည် ဖိနပ်မစီးကြ။ ခြေဖဝါးနှင့် မြေကြီးထိ၍ ခရီးသွားကြသည်။ ထိုအခါ မြေကြီးမှ အခိုးအငွေ့ ပထဝီဓာတ်ရ၍ ကျန်းမာသည်ဟုဆိုသည်။ ကလေးငယ်များကို မြေကြီးပေါ်တွင် ပေး၍ ဆော့ကစားစေလျှင် ကျန်းမာရေးကောင်းစေသည်၊ သန်မာစေသည်ဟုဆိုသည်။

ဖိနပ်စီးသောခေတ်သို့ရောက်ရှိလာသောအခါ သားရေဖိနပ်၊ ရာဘာဖိနပ်များသည် အခိုးပိတ် စေသည်ဟုဆိုသည်။ တစ်ခါတစ်ရံ ဖိနပ်ချွတ်၍ မြေကြီးပေါ်တွင် လမ်းလျှောက်ပေးလျှင် ကျန်းမာစေနိုင်သည်။ ခြေဖဝါးမှ ပထဝီကြောများ သန်မာစေနိုင်သည်ဟု ရှေးအယူအဆရှိသည်။ အုန်းမှုတ်ခွက် နင်းခြင်း၊ ဆားနင်းခြင်းများသည် ခြေဖဝါးမှ အခိုးထွက်စေသောနည်းများဖြစ်သည်။

ခြေဖဝါးကို အချိန်ကြာမြင့်စွာရေစိုခြင်းမှာ ဖဝါးပထဝီကြောများအေးစက်ပြီး အခိုးငုပ်စေသဖြင့် မကောင်းသောအနေအထားဖြစ်သည်။ ရေစိုသောခြေထောက်ကို အမြန်ခြောက်သွေ့အောင် ပြုလုပ်သင့်သည်။ ပြင်ပမှပြန်လာလျှင် ခြေထောက်မှရေကို စုပ်ယူနိုင်သည့် ခြေသုတ်ခုံမျိုးထားသင့်သည်။ လူကြီးများ ခြေထောက်ရေစိုလျှင် အဝတ်ခြောက်ဖြင့် သေချာစွာသုတ်ပေးပါ။

မိုးဥတုတွင် နေအိမ်ပြင်ပရောက်လျှင် စိုနေသောအဝတ်အစားများကို လဲခြင်း၊ ဦးခေါင်းရေစိုလျှင် တဘက်ပဝါဖြင့်သုတ်ခြင်း၊ ခြေနှစ်ဖက် (အထူးသဖြင့်) ခြေဖဝါးနှစ်ဖက်ကို ခြောက်သွေ့သောအဝတ်ဖြင့် ပွတ်ပြီး နွေးထွေးအောင်ပြုလုပ်ခြင်းဖြင့် ခြေအေးဝမ်းရောင်ရောဂါ၊ နောက်ဆက်တွဲသွေးတိုးရောဂါများ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပေသည်။



## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးလှဖေ - ဒေါ်ညိုညိုခိုင် ၏ သမီးငယ်
ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားသော
**မစောကေခိုင်ဦး** ဆဒဂ ၁၀၄၅ သည်
၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ
တစ်နိုင်ငံလုံး အမှတ်အများဆုံး (၁၀)ဦး စာရင်းဝင် (သိပ္ပံ ဘာသာတွဲ)တွင်
အဆင့် (၄)၊ ရမှတ်စုစုပေါင်း ၅၆၀၊
သင်္ချာရမှတ် ၁၀၀ ရရှိခဲ့ပါသည်။
မိသားစုနှင့် အတူ အထူး ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

တည်ထောင်သူ - သင်္ချာသန်းနိုင်+နန်းတိုးတိုးအေး မိသားစု
ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ နှင့် ဝန်ထမ်းများ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း



ဆဒဂ ၁၀၄၅
မစောကေခိုင်ဦး
(မ၊အ၊သ၊ဓ၊ရ၊ဧ)

ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉ ၇၉ ၃၉၊ ၀၉ ၅၁၇ ၆၅၄၃၊
ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊



# ကြော်ငြာ


## ဆရာဒွေး နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အပြီးပြီး ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ် (၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဇူလိုင် (၆/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ ခိုင်မာစွာ အာမခံပါသည်။

LCCI
- ☑ အနှစ်(၂၀)အတွေ့အကြုံကြောင့်
- ☑ သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ - 09 -776349905, 978578325, 01-371741, 240824

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်

မြို့လယ် / သုဝဏ္ဏ

## ဂုဏ်ထူးဦးအောင်ခိုင်
ဒေါ်စန္ဒာအောင်ခိုင်

English Speaking ( အင်္ဂလိပ် စကားပြော )

၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ်မှ ဝန်ထမ်းများအတွက် သီးသန့်

B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်း 01 252 919, 09 4550 17955 ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320

## GUSTO International College

တက္ကသိုလ်ဝင်တန်း၊ IGCSE အောင်မြင်ပြီးသူများအတွက် UK ပညာရေးဆွေးနွေးပွဲ

UK ရှိ ထိပ်တန်းတက္ကသိုလ်ကြီးများနှင့် ရန်ကုန်မြို့ရှိ GUSTO International College တို့ ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာအကြောင်းနှင့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းများ၊ IT အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပေးမည်ဖြစ်ပါသည်။



| | | |
|---|---|---|
| ဟောပြောမည့်သူ | ....... | ဦးဝင်းထိန်ဝင်း (Principal, GUSTO) |
| နေ့ရက် | ....... | ၉.၇.၂၀၁၆ (စနေနေ့) |
| အချိန် | ....... | နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ |
| နေရာ | ....... | Novotel Yangon Max Mandalay Room (4th floor) |

လူဦးရေကန့်သတ်ထားပါသဖြင့် (09) 8628806 နှင့် (09) 789 888 222 တို့သို့ ကြိုတင်စာရင်းသွင်းပြီး (အခမဲ့) တက်ရောက်နိုင်ပါသည်။

- ◆ ၁၀တန်းအောင်မြင်ပြီး နိုင်ငံတကာအသိအမှတ်ပြု UK ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများ အထူးတက်ရောက်သင့်ပါသည်။
- ◆ ထူးချွန်ကျောင်းသားအပြောက်အမြားကို မွေးထုတ်ပေးနိုင်သောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားကျောင်းသူ အများအပြား GUSTO ၌တက်ရောက်သင်ကြား လျက်ရှိပါသည်။

၁၉၈၀ မှစ၍ အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာဆုံမည်မဟုတ်

ယုံကြည်စွာအပ်နှံပါ | SH မြင့်သူထက် YU | ငွေကုန်လူပန်း မဖြစ်စေရ

ပါမောက္ခ(ငြိမ်း)
ဝါရင့်ဆရာ/မများ
သင်သည်။
UDE
အတန်းစုံ၊ မေဂျာစုံ

DSA (စစ်တက္ကသိုလ်)
DS TA (စစ်နည်းပညာ)
DS MA (စစ်ဆေး)

၁၀ တန်းဝိုင်း

စည်ပင်
စီမံ/ဘဏ္ဍာ
ပို့/ဆက်
အားကာ/ကျန်းမာ
စိုက်/မွေး/ဆည်

## S.I.E.C
SUNWAY INTERNATIONAL
*Have fun & Learn*

- Pre-School (Mon-Fri) 2 - 5 yrs
  *English, Myanmar, Maths, Science, Arts & Craft, Music & Computing*
- Young Learner Course (Sat-Sun) 5 - 15 yrs
  *English Four Skills*

Enroll Now

No.409 & 410, Condo B, Bayint Naung Tower (II),
Corner of Hledan Rd., & Bayint Naung Rd., Kamayut Tsp., Yangon.
Ph : 01-502127, 01-502128

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
- ➤ ဒီဇင်ဘာအိမ်ရာစီးပွားရေးတက္ကသိုလ်အနီး
  (၁၀၀ × ၁၀၀) ပေပါမစ်မြေ (ထောင့်ကွက်) - (၁၆၅၀) သိန်း
- ➤ ညောင်နှစ်ပင် - ကြာတန်ကျေးရွာ
  ၀.၄၆ဧက၊ ရေ၊ မီးပါ၊ ခြံမြေစာ - (၂၈၀) သိန်း

Ph: 09-49342067, 09-785084831

